ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး

(၄၃)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၆၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၃)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား

လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ၁၄-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ၏ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများသို့ ကွင်းဆင်းလေ့လာရေး ဆောင်ရွက်ရန်။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၄င်းအတိုင်း။ ဦးအေးဗိုလ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၄င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၄င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ မြေယာကော်မတီ စိစစ်ရေးဆောင်ရွက်ရန်။ ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၄င်းအတိုင်း။ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၄င်းအတိုင်း။ ဦးအေးချို၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ မျက်စိခွဲစိတ်ကုသရန်။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ မျက်စိခွဲစိတ်ကုသရန်။ ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ရှီလာနန်တောင်(ခ)အမ်နန်တောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဗိုလ်မှူးတင့်လွင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမင်းအောင်ဖြိုး၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ပြည်ပခရီးစဉ်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပြည်ပခရီးစဉ်နှင့် ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။　　။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၂၁) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ပျောက်ဆုံးနေသော ရသေ့တောင်မြို့နယ်၊ ကျောက်စာတိုင်ရွာသား(၂)ဦးနှင့် ပတ်သက်၍ တောနင်းရှာဖွေခြင်း၊ အရေးယူစုံစမ်းစစ်ဆေးခြင်းတို့ကို မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် အခင်းဖြစ်ပွားခဲ့သော ရသေ့တောင်မြို့နယ် အနောက်မြောက်ပိုင်းနှင့် မောင်တောမြို့နယ်တောင်ပိုင်း မေယုတောင်ကြော နယ်မြေကို ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။　။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ပျောက်ဆုံးနေသော ရသေ့တောင်မြို့နယ်၊ ကျောက်စာတိုင်ရွာသား(၂)ဦးနှင့် ပတ်သက်၍ တောနင်းရှာဖွေခြင်း၊ အရေးယူစုံစမ်းစစ်ဆေးခြင်းတို့ကို မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် အခင်းဖြစ်ပွားခဲ့သော ရသေ့တောင်မြို့နယ် အနောက်မြောက်ပိုင်းနှင့် မောင်တောမြို့နယ်တောင်ပိုင်း မေယုတောင်ကြော နယ်မြေကို ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။　။ အားလုံး မင်္ဂလာပါခင်ဗျား။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဒုတိယဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ပျောက်ဆုံးနေသော ရသေ့တောင်မြို့နယ်၊ ကျောက်စာတိုင်ရွာသား(၂)ဦးနှင့် ပတ်သက်၍ တောနင်းရှာဖွေခြင်း၊ အရေးယူစုံစမ်းစစ်ဆေးခြင်းတို့ကို မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် အခင်းဖြစ်ပွားခဲ့သော ရသေ့တောင်မြို့နယ် အနောက်မြောက်ပိုင်းနှင့် မောင်တောမြို့နယ်တောင်ပိုင်း မေယုတောင်ကြောနယ်မြေကို ရှင်းလင်းပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ (၁၀)လခန့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နေ့မှာ အကြမ်းဖက်သမား ဘင်္ဂါလီများဟာ မေယုဒေသမှာ နယ်ခြားစောင့်ရဲစခန်း(၃)ခုကို ဝင်ရောက်ထိုးဖောက်ခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်(၉)ဦး ကျဆုံးခဲ့ပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းတဲ့အခါ သူတို့အများစုဟာ မေယုတောင်ကြောထဲကို ဝင်ရောက်ပုန်းကွယ်၊ ပျောက်ကွယ်သွားပါတယ်။ ပြီးတော့ အဲဒီမှာပဲ နေထိုင်ခဲ့ကြပါတယ်။ ဒီတောင်ကြောထဲမှာ လွန်ခဲ့တဲ့ (၈)နှစ်လောက်ကတည်းက ပုန်းခိုလှုပ်ရှားနေတဲ့ ဘင်္ဂါလီအဒူလာကိန်း ဆိုတဲ့အဖွဲ့ကလည်း ရှိနှင့်ပြီးဖြစ်ပါတယ်။ ရသေ့တောင်မြို့နယ် မေယုကမ်းနယ်မြေရှိ တိုင်းရင်းသားအများစုဟာ မေယုတောင်ကြောကို မှီခိုပြီးတော့ လုပ်ကိုင်စားသောက်ရပါတယ်။ နေ့တိုင်းလိုလို ဝါးခုတ်၊ ထင်းရှာ၊ ငါးရှာဖို့ မေယုတောင်ထဲကို ဝင်ကြရပါတယ်။ ဒီအခါမှာ ပုန်းလျှိုးနေထိုင်သော ဘင်္ဂါလီလူဆိုး၊ လူအုပ်တွေနဲ့ တွေ့ကြုံရပါတယ်။ သူတို့လူအုပ်ဟာ အများစုဖြစ်ပြီးတော့ သေနတ်ပါတဲ့အတွက် ရှောင်ထွက်လာရတာ ရှိပါတယ်။ ဒါကြောင့် တိုင်းရင်းသားတွေဟာ အသက်မွေးမှု ခက်ခဲလာပါတယ်။ ၂၁-၄-၂၀၁၇ ရက်နေ့မှာ ကိုးတန်ကောက် ချောင်းဖျားထဲမှာ ငါးသွားရှာတဲ့ ရခိုင်တိုင်းရင်းသား ကျောင်းသားအရွယ် လူငယ်(၂)ဦးကို သေနတ်

ကိုင်တဲ့ ဘင်္ဂါလီအကြမ်းဖက် (၁၀)ဦးကျော်က ဖမ်းဆီးခဲ့ပါတယ်။ သူတို့ရဲ့အထက် အမိန့်ပေးသူထံက အမိန့်ကို ဖုန်းဖြင့် စောင့်ပြီးတော့ နာခံပြီးမှ ပြန်လွှတ်ပေးလိုက်ပါတယ်။ နောက်တစ်ရက်နေ့မှာ တောင်ကြောထဲဝင်သွားတဲ့ ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ရွာမှ ဦးအောင်မြတ်ကျော် နဲ့ ဦးမောင်အေးသာ တို့ကို ဖမ်းဆီးသတ်ဖြတ်လိုက်ပါတယ်။ ဒီနေ့အထိ အလောင်းရှာမရသေးပါဘူး။

ဘင်္ဂါလီအကြမ်းဖက်မှုများဟာ မောင်တောမြောက်ပိုင်း၊ မြောက်ပိုင်းမှတောင်ပိုင်း ထိုမှ တစ်ဆင့် ဘူးသီးတောင်၊ ထိုမှတစ်ဆင့် ရသေ့တောင်မြို့နယ်သို့ တဖြည်းဖြည်း ရွှေ့ပြောင်းလာနေကြောင်း တွေ့ရှိရပါတယ်။ မောင်တောတောင်ပိုင်း အငူမော်- မောင်တောကားလမ်းပေါ်မှာ တစ်ခါတစ်ခါ အနက်ရောင်မျက်နှာဖုံးစွပ်အဖွဲ့ ဒေသကတော့ မော်လဝီအဖွဲ့လို့ ခေါ်ပါတယ်။ လှုပ်ရှားနေကြောင်း တွေ့ရှိရပါတယ်။ ၂၁-၆-၂၀၁၇ ရက်နေ့ ဘူးသီးတောင်မြို့နယ် မေယုတောင်ကြောကို ရှင်းလင်းရာမှာ အကြမ်းဖက်သမားများနဲ့ သင်တန်းနေရာ လှိုဏ်ခေါင်းများကို တွေ့ရှိရပါတယ်။ ဒါကြောင့် ယင်းတို့ရဲ့ အကြမ်းဖက်လုပ်ငန်းတွေဟာ တိုးမြှင့်လာပြီးတော့ တဖြည်းဖြည်းနဲ့ အတွင်းထဲကို တိုးဝင်နေကြောင်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို လွန်ခဲ့တဲ့ (၁)လခွဲက မေးမြန်းခဲ့တာ ဖြစ်ပါတယ်။ ဒီအခြေအနေနဲ့ အခုအခြေအနေ မတူတော့ပါဘူး။ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်မှာ နောက်ထပ် ချွတ်ပြင်ကျေးရွာက ဦးမောင်သန်းဌေး ဟာ လွန်ခဲ့တဲ့ရက်(၂၀)က သတ်ဖြတ်ခံရပါတယ်။ အလောင်းကို ရှာမတွေ့သေးပါဘူး။ နောက်ထပ် မောင်တောမြို့နယ်မှာ အပြစ်မဲ့တဲ့ တိုင်းရင်းသား(၈)ဦး လွန်ခဲ့တဲ့ (၁၀)ရက်က သတ်ဖြတ်ခံရပါတယ်။ ရဲတပ်ဖွဲ့နဲ့ တပ်မတော်က ဝင်ရောက်ရှင်းလင်းနေတာလည်း ရှိပါတယ်။ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်းမှာ နှစ်ဖက်ပဋိပက္ခဖြစ်နေတာ အခုဆိုရင် (၅)နှစ်ကြာပါပြီ။ ဒီ (၅)နှစ်အတွင်းမှာ ဘင်္ဂါလီအကြမ်းဖက်တွေ သတ်ဖြတ်ခဲ့တဲ့ တိုင်းရင်းသားအရေအတွက် (၂၀)ဦးခန့် ရှိလာပါပြီ။ တိုင်းရင်းသားတွေက သတ်ဖြတ်တာ မရှိပါဘူး။ ရှိခဲ့လို့ရှိရင်လည်း သူတို့က ကမ္ဘာသိ ကြေညာပါတယ်။ စစ်တွေမြို့မှာတော့ ပြီးခဲ့တဲ့လက မြို့ထဲကို ရဲကားနောက်က လိုက်လာတဲ့ (၁)ဦး သေဆုံးသွားတာတော့ ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မေယုတောင်တန်းဟာ တောင်ဘက်ပိုင်းမှာ ကျဉ်းမြောင်းသွားပါတယ်။ ကန့်လန့်ဖြတ် အနံ(၁)မိုင်ခန့်သာ ရှိပါတယ်။ တောင်တစ်ဖက်က တစ်ဖက်ကို ခြေကျင်ခရီးနဲ့ဆို (၁)နာရီပဲ ကြာပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ဒါကတော့ မေယုတောင်ကြော ဖြစ်ပါတယ်။ အနီရောင်နဲ့ ပြထားတာက ရှင်းလင်းရမယ့် မေးခွန်းပါ နေရာပါ။ အနီရောင်တွေကတော့ ကျွန်တော်တို့ ရခိုင်တိုင်းရင်းသားရွာတွေပါ။ အဝါရောင်ကတော့ ဘင်္ဂါလီရွာတွေပါ။ ကျောက်စာတိုင်လို့ ရေးထားတဲ့ အောက်ဆုံးက အဲဒီမှာ (၂)ယောက် ပျောက်နေပါတယ်။ အပေါ်ဆုံးမှာ ချွတ်ပြင်ရွာက (၁)ယောက်ပျောက်နေပါတယ်။ အောက်နန်းရာဆိုတာက ဘင်္ဂါလီကျေးရွာပါ။ ပြီးခဲ့တဲ့ တစ်ပတ်လောက်က လုံခြုံရေးတပ်ဖွဲ့တွေကို လူ(၆၀၀)နဲ့ဝိုင်းတာ အဲဒီနေရာပဲဖြစ်ပါတယ်။ ရပါပြီ။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

ရသေ့တောင် မေယုတောင်တန်း၏ မြေပုံ (ရရ)




**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနှင့် ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည် ရှင်းလင်းဖြေကြားသွားပါမယ်။

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ ၀၉း၄၀ အချိန် ရသေ့တောင်မြို့နယ် ကျောက်စာတိုင်ကျေးရွာနေ ဦးအောင်မြတ်ကျော် (၅၅)နှစ်၊ (အဘ) ဦးကုလားချေ နှင့် တစ်အိမ်တည်းအတူနေ သူငယ်ချင်းဖြစ်သူ ဦးမောင်အေးသာ (၆၀)နှစ်၊ (အဘ) ဦးသာကျော်အောင် တို့နှစ်ဦးဟာ မိသားစု

စားဝတ်နေရေးအတွက် ခရုရှာရန်ထွက်သွားရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်း မရှိတဲ့အတွက် ကျောက်စာတိုင် ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူး ဦးစိန်သာကျော်မှ စေတီပြင်နယ်မြေရဲစခန်းသို့ လာရောက်တိုင်ကြား ခဲ့ပါတယ်။ ထိုသို့ တိုင်ကြားခဲ့တဲ့အတွက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှာ လူပျောက်အမှတ်စဉ် ၁/၂၀၁၇ နှင့် ၂/၂၀၁၇ တို့အရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

စေတီပြင်နယ်မြေရဲစခန်းမှူး၊ ရဲအုပ်ထွန်းနိုင်နဲ့ လောင်းချောင်းရဲကင်းမှူး ဒုရဲအုပ်ထွန်းလင်းတို့ အဖွဲ့ဟာ ပျောက်ဆုံးသူ(၂)ဦးကို ရှာဖွေဖို့အတွက် အနီးပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ သစ်ကတိုး ကျေးရွာ၊ ဇောမိကုန်းကျေးရွာ၊ မိချောင်းရေသောက်ကျေးရွာများကို သွားရောက်စုံစမ်းခဲ့ပါတယ်။ ဒါ့အပြင် အနီးပတ်ဝန်းကျင် ရဲစခန်းများဖြစ်တဲ့ ရသေ့တောင်မြို့မရဲစခန်း၊ မောင်တောမြို့မရဲစခန်း၊ အင်ဒင်နယ်မြေရဲစခန်း၊ ကိုးတန်ကောက်ရဲစခန်း၊ အလယ်သံကျော်ရဲစခန်းများသို့လည်း လူပျောက် ကြော်ငြာများပေးပို့ပြီး စေတီပြင်နယ်မြေရဲစခန်း လက်အောက်မှာရှိတဲ့ ရဲကင်းများသို့လည်း အကြောင်း ကြားပြီး ပြန်လည်ရှာဖွေတွေ့ရှိနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ ရဲအုပ်ရဲထွန်းနိုင်နဲ့အဖွဲ့ဟာ ပျောက်ဆုံးသူ (၂)ဦးနဲ့ စပ်လျဉ်းပြီး ကျောက်စာတိုင်ကျေးရွာသို့ သွားရောက်ကာ ရာအိမ်မှူး ဦးမောင်သာအေး၊ ပျောက်ဆုံးသူ ဦးအောင်မြတ်ကျော်တို့၏ ဇနီးဖြစ်သူနဲ့ သားသမီးများကို မေးမြန်းခဲ့တဲ့အခါမှာ မေယု တောင်ပေါ်သို့ ခရုရှာရန် သွားရောက်မည်ဟု ပြောကြား၍ ထွက်ခွာသွားခြင်းဖြစ်ကြောင်း သိရှိရ ပါတယ်။

ဆက်လက်၍ ပျောက်ဆုံးသူ(၂)ဦးကို နောက်ဆုံးတွေ့မြင်ခဲ့သူ ဦးဘလှိုင်နှင့် ဦးကျော်မောင် တို့ (၂)ဦးကို မေးမြန်းခဲ့တဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ ၁၅း၀၀ အချိန်မှာ သစ်ကတိုး တောင်လမ်းအဆင်းမှာ တွေ့မြင်ခဲ့ပြီး ၎င်းတို့နှစ်ဦးဟာ တောင်ကျော်လမ်းမှတစ်ဆင့် ဆားငန်ချောင်း မြောင်းဘက်သို့ ထွက်ခွာသွားကြောင်း တွေ့မြင်သိရှိရတဲ့အတွက် ၎င်းနယ်မြေများသို့လည်း လုံခြုံရေး တပ်ဖွဲ့များဖြင့် နယ်မြေရှင်းလင်း လိုက်လံရှာဖွေခဲ့ပါတယ်။ ထိုသို့ စုံစမ်းစစ်ဆေးချက်အရ အခင်းဖြစ်ပွား ခဲ့တဲ့ နယ်မြေဒေသများဖြစ်တဲ့ မောင်တောခရိုင်တောင်ပိုင်း ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ မေယု တောင်ကြောဒေသတစ်ဝိုက်ကို နယ်မြေခံတပ်ရင်းများမှ လှုပ်ရှားအဖွဲ့ဝင်များ၊ နယ်မြေရှင်းလင်းရေး နှင့် လုံခြုံရေးကင်းလှည့်ခြင်းတွေကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမား များ ဝင်ထွက်သွားလာမှုနှင့် ပတ်သက်တဲ့ သတင်းရရှိမှုပေါ်မူတည်ကာ တပ်မတော် နယ်ခြားစောင့် ရဲတပ်ဖွဲ့၊ နယ်မြေရဲများနဲ့ ပူးပေါင်းပြီး နေ့စဉ် နယ်မြေရှင်းလင်းမှုများလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ တာဝန်ယူဆောင်ရွက်ရတဲ့ နယ်မြေထဲမှာ တိုင်းရင်းသား ကျေးရွာ(၃၄၉)ရွာရှိပြီး မောင်တောမြို့နယ်မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာ(၃၉)ရွာ၊ မောင်တော မြို့နယ် တောင်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာ (၁၄)ရွာ၊ ဘူးသီးတောင်မြို့နယ် မြောက်ပိုင်းမှာရှိတဲ့ တိုင်းရင်းသားကျေးရွာ(၁၁)ရွာနဲ့ ဘူးသီးတောင်မြို့နယ်တောင်ပိုင်းနဲ့ ရသေ့တောင်မြို့နယ်ရှိ တိုင်းရင်းသား ကျေးရွာ(၁၆)ရွာ စုစုပေါင်းကျေးရွာ(၈၀)မှာ နယ်မြေရုံး၊ ရဲစခန်း၊ ရဲကင်းများ အသီးသီးဖွင့်လှစ်ထား ရှိပြီး လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိတဲ့အပြင် အခြားသော လိုအပ်တဲ့နေရာတွေမှာလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ချထားဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃ ရက်

နေ့မှာ ကိုင်းကြီးကျေးရွာ ဖြစ်စဉ်ဖြစ်ပွားပြီးတဲ့နောက်မှာ ယာယီရဲကင်းစခန်းတစ်ခုကို ထပ်မံဖွင့်လှစ်ပြီး အခင်းဖြစ်ကျေးရွာ ပတ်ဝန်းကျင်မှာရှိတဲ့ တိုင်းရင်းသားကျေးရွာများ အနီးတစ်ဝိုက်မှာ အမှတ်(၂၅) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှာ ရဲတပ်ဖွဲ့ခွဲမှူးဦးစီးတဲ့ ရဲတပ်ဖွဲ့ဝင်များဟာ တပ်မတော်နဲ့ပူးပေါင်းပြီး နယ်မြေ ရှင်းလင်းရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရသေ့တောင်မြို့နယ်၊ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိတဲ့ မေယုတောင်ကြောတစ်ဝိုက် လူသူအရောက်အပေါက်နည်းတဲ့ တောင်များ၊ လှိုဏ်များ၊ ချိုင့်ဝှမ်းများမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ စဉ်ဆက်မပြတ် ရှင်းလင်းလျက်ရှိတဲ့အခါမှာ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက် နေ့မှာ တစ်ကြိမ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှာ တစ်ကြိမ် အကြမ်းဖက်သောင်းကျန်းသူများရဲ့ နေရာများကို ဖော်ထုတ်နိုင်ခဲ့ပြီး လူနေယာယီတဲများ၊ လက်နက်နှင့်ယမ်းပျော့များ၊ ရိက္ခာများနှင့် အသုံးအဆောင် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့တဲ့အပြင် အကြမ်းဖက်သမား(၃)ဦးကိုလည်း အသေ ဖမ်းဆီးရမိခဲ့ပါ တယ်။ ဒါ့အပြင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့မှာတော့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့ပြီး လုံခြုံရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းများ ထည့်သွင်းဖော်ပြထားရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် လူပျောက်မှုနှင့်ပတ်သက်၍ သတင်းရရှိရေးအတွက် ဆက်စပ်နယ်မြေရဲစခန်းများ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ပေါင်းစပ်ပြီး ဆက်လက်စုံစမ်း ဆောင်ရွက် လျက်ရှိပါကြောင်းနဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် နယ်မြေခံရဲတပ်ဖွဲ့တို့ဟာ တပ်မတော်နဲ့ ပူးပေါင်းပြီး မေယုတောင်ကြော၌ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး - တာဝ ဆည်မြောင်းတာလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာ စန်းမောင်မောင် က ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး - တာဝဆည်မြောင်းတာလမ်းအား ကွန်ကရစ် လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**


**ဒေါက်တာစန်းမောင်မောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး-တာဝဆည် မြောင်းတာလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ။ အကယ်၍ ရှိမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး - တာဝဆည်မြောင်းတာလမ်းသည် အရှည်(၆.၅)မိုင်ခန့်ရှည်ပါသည်။ ၎င်းလမ်းသည် ပဲခူးမြို့ ပန်းလှိုင် (၂၁)လမ်း၊ ပဲခူးမြစ်ကူးတံတား အရှေ့ဘက်ထိပ်မှ ပုဏ္ဏားစု၊ မုန့်တိုင်းကျေးရွာ၊ မြို့ကလေးကျေးရွာ၊ အထက်စည်းတီး အရှေ့ကျေးရွာ၊ ဈေးညောင်ပင်ကြီးကျေးရွာ၊ ဈေးညောင်ပင်လေးကျေးရွာ၊ အနောက်ရွာလေးကျေးရွာ၊ ကုန်းတန်းလေးကျေးရွာများပေါ်တွင် တည်ရှိပါတယ်။ ပန်းလှိုင် (၂၁)လမ်းမှ မုန့်တိုင်းအထိ ကွန်ကရစ်လမ်းခင်းပြီး ဖြစ်ပါတယ်။ မုန့်တိုင်းကျေးရွာတွင် ယခုနှစ် ၂၀၁၇ ခုနှစ်တွင် ကွန်ကရစ်ပေ (၃၀၀၀)ခန့် ခင်းခဲ့ပါသည်။ မုန့်တိုင်းမှ မြို့လေးကျေးရွာထိ အဝင်လမ်း ခင်းထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါလမ်းသည် ဖော်ပြပါကျေးရွာများရှိ ဒေသခံပြည်သူများ(၇၃၆၅)ယောက်၊ ပညာရေးဝန်ထမ်းများ (၄၈)ယောက်၊ ကျန်းမာရေးဝန်ထမ်း (၄)ယောက်၊ ပဲခူးမြို့ပေါ်ကျောင်းတွင် ပညာသင်ယူနေကြသော ကျောင်းသား၊ ကျောင်းသူများ (၃၂၀)၊ ပတ်ဝန်းကျင်ဒေသ ပြည်သူရဟန်းရှင်သူအပေါင်း ယင်းတာလမ်းမကြီးမှ နေ့စဉ်နေ့တိုင်း အသွားအပြန် သွားနေကြသည်မှာ နှစ်ပေါင်းရာကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ မိုးတွင်းအခါတွင် မြေသားလမ်းများပေါ်မှာ သွားလာရာတွင် ဗွက်များဖြင့် ချော်နေသဖြင့် ဆိုင်ကယ်၊ စက်ဘီးများ သွားလာရာတွင်လည်းကောင်း၊ ခြေကျင်လျှောက်ရာတွင်လည်းကောင်း အင်မတန် အန္တရာယ်များပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါသည်။ ဒါကတော့ ကျွန်တော်တို့ ဒီ မုန့်တိုင်းကျေးရွာအထွက်က ကွန်ကရစ်လမ်းနဲ့ မြို့လေးကျေးရွာကို ဆက်ထားတဲ့ လမ်းပါ။ ဒါကတော့ ကျွန်တော်တို့ ဒီမုန့်တိုင်းကျေးရွာနဲ့ မြို့လေးကျေးရွာကြားမှာရှိတဲ့ တာဖြတ်လမ်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ မြို့လေးကျေးရွာမှာရှိတဲ့ အဲဒီလမ်းပေါ်မှာ ဖြစ်ပါတယ်။ ဒါကတော့ ခုနက တာဖြတ်လမ်းကိုပဲ ပြန်ပြီးတော့ ရိုက်ထားပြတာပါ။ ဒါကတော့ အဲဒီ တာဖြတ်လမ်းဟာ မိုးတွင်းအခါမှာဆိုလို့ရှိရင် ရေကျော်ပါတယ်။ အဲဒီဘေးရဲ့ အရှေ့ဘက်ကို ကွေ့ဝိုက်ပြီးတော့ ဖောက်တော့ဖောက်ထားပြီးဖြစ်တယ်။ သို့သော်လည်းပဲ အဲဒီကနေပြီးတော့ လှေတွေနဲ့ပဲ ဖြတ်ပြီးတော့ သွားကြပါတယ်။ ဒါကတော့ အဲ့ဒီတာဖြတ်လမ်းကို နောက်ထပ် အသေးစိတ်လေး ဖော်ပြတာပါ။ ဒါကတော့ ကျွန်တော်တို့ ဒီဈေးညောင်ပင်လေးကျေးရွာရဲ့ အပိုင်းဖြစ်ပါတယ်။ ဒါ ဈေးညောင်ပင်လေးကျေးရွာကိုသွားတဲ့ အပိုင်းပါ။ ဈေးညောင်ပင်လေးနဲ့ အဲဒီ ကုန်းတန်းလေးကျေးရွာကို သွားတဲ့အပိုင်းပါ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ယခုအခါမှာ အောက်စည်တီးအရှေ့ကျေးရွာ၏ အရှေ့ဘက်ရှိ တာပေါင်ပေါ်တွင် ကိုယ်ထူကိုယ်ထဖြင့် အရှည် (၂)ဖာလုံ၊ အကျယ် (၇)ပေနဲ့ ထု(၄)လက်မရှိ ကွန်ကရစ်လမ်း ခင်းထားပြီး ဖြစ်ပါသည်။ ဤဒေသသည် နိုင်ငံတော်အတွက် ဆန်စပါး၊ ပဲ၊ ဟင်းသီးဟင်းရွက် အထွက်ကောင်းသော ဒေသလည်း ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းပိုင် ဤတာကြီးသည် မိုးရာသီရောက်ပြီဆိုလျှင် ပဲခူးမြစ်ရေကြီးမှု၊ ရေလျှံဒဏ်မှုကို နှစ်စဉ်နှစ်တိုင်း ခံစားရပါသည်။ မိုးရာသီတွင် ဤတာကြီးသည် ခိုင်ခံ့မှု အင်မတန်နည်းပါးနေပါသည်။ ဤတာကြီး ကျိုးပေါက်သွားမည်ဆိုလျှင် ဒေသခံတွေ စိုက်ပျိုးထားသော လယ်ယာမြေဧက (၄၁၆၈)ဧက ပျက်စီးဆုံးရှုံးသဖြင့် နိုင်ငံတော်အတွက် အင်မတန် နစ်နာဆုံးရှုံးမှုတွေ ကြုံတွေ့နိုင်ပါသည်။ ထို့အပြင် သနပ်ပင်မြို့နယ် စစ်တောင်းတူးမြောင်းသည်လည်း ပဲခူးမြစ်ရေကြီးမှု၊ ရေတိုက်စားမှုဒဏ်ကို ခံရမည်ဖြစ်ပြီး ရေနစ်မြုပ်မှုကြောင့် စိုက်ပျိုးမြေဧကများစွာ ပျက်စီးဆုံးရှုံးမှုများနဲ့ ကြုံတွေ့နိုင်ပြီး သဘာဝဘေးအန္တရာယ်များကိုလည်း ကာကွယ်သည့်အနေဖြင့် အထက်ပါချောင်းအောက်ဇုံ ကျေးရွာချင်းဆက်တာလမ်းကြီးအား ခိုင်မာသည့် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် အကယ်၍ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)


ပန်းလှိုင်ဈေး ညောင်ပင်လေး-တာဝလမ်းဆုံလမ်း မြင်ကွင်းပုံ (လလ)



ပန်းလှိုင်စျေး ညောင်ပင်လေး-တာ၀လမ်းဆုံလမ်း မြင်ကွင်းပုံ (လလ-၁)



ပန်းလှိုင်စျေး ညောင်ပင်လေး-တာ၀လမ်းဆုံလမ်း မြင်ကွင်းပုံ (လလ-၂)



**လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာတွင် လယ်ယာမြေ ဥပဒေ/နည်းဥပဒေနှင့် မညီသောကိစ္စများ ဆောင်ရွက်နေသည့် မကွေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို မည်ကဲ့သို့ ထိန်းကျောင်း ကြပ်မတ်အရေးယူမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာတွင် လယ်ယာမြေ ဥပဒေ/နည်းဥပဒေနှင့် မညီသောကိစ္စများ ဆောင်ရွက်နေသည့် မကွေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို မည်ကဲ့သို့ ထိန်းကျောင်းကြပ်မတ်အရေးယူမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ အားလုံး မင်္ဂလာပါ။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မင်းဘူး(စကု)မြို့နယ်နှင့် ပွင့်ဖြူမြို့နယ် ကိုယ်စားပြုတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်သူအများစုနဲ့ မြေယာအသုံးပြုလိုသူအများစုဟာ မကွေးတိုင်းမှာတော့ ဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်ပေမယ့် ပုံစံ(၁၀၅) ရေးကူးခွင့်ရရှိရေးအတွက် မြို့နယ်မြေစာရင်းဦးစီးမှာ စာရွက်၊ စာတမ်းပြုလုပ်ရန် ဆိုပြီး ငွေ(၅၀၀၀၀) စပေးရတယ်။ ထောက်ခံချက်တွေယူရတယ်။ ရွေးဟောင်းသုတေသန၊ သာသနာရေး၊ ရေအရင်းအမြစ်၊ ဆက်သွယ်ရေး၊ လျှပ်စစ်၊ မြို့နယ်လယ်စီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ ခရိုင်လယ်မြေစာရင်းဦးစီးမှူး၊ လက်ထောက်ဦးစီးမှူး၊ ခရိုင်လယ်စီအဖွဲ့၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့၊ တိုင်းမီးသတ်၊ တိုင်းမြေစာရင်းရုံးအဖွဲ့နှင့် လက်ထောက်ဦးစီး၊ တိုင်းမြေစာရင်းဦးစီးဖြစ်တဲ့ တိုင်းလယ်စီအတွင်းရေးမှူး အစရှိတဲ့လူတွေကို ငွေ(၂၀၀၀၀)ကနေ (၃)သိန်းအထိ ပေးရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးလည်း မလွတ်ပါဘူး။

အဲဒီလို လာဘ်ငွေတွေ ပေးရတာတွေ အဆင်ပြေအောင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက် ပေးသူတွေကိုလည်း ပေးရလို့ စုစုပေါင်းငွေ(၂၅)သိန်းနီးပါး ကုန်ကြပါတယ်။ ပုံစံ(၁၀၅)က လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်လျှောက်တာမှာ ပါရှိဖို့အတွက် ဖြစ်ပါတယ်။ လယ(၃၀) လျှောက်တော့လည်း ပုံစံ(၁၀၅) လျှောက်တုန်းကအတိုင်း အဲဒီဌာနတွေ၊ အဲဒီပုဂ္ဂိုလ်ကြီးတွေကို ထပ်တူထပ်ပေးရပါတယ်။ အခုတော့ သက်ဆိုင်ရာက ပုံစံ(၁၀၅) ပေးကမ်းလျှောက်ထားဖို့ မလိုတော့ဘူးလို့ ထုတ်ပြန်ထားတာ သိရပါတယ်။ အဲဒီတော့ လယ(၃၀) လျှောက်ထားရာမှာ လာဘ်ငွေတွေ (၂)ဆ တိုးတောင်းမှာကို ကျွန်တော်တို့ စိုးရိမ်ရပါတယ်။ အခုမေးမယ့်ကိစ္စမှာ ကျွန်တော့်မဲဆန္ဒရှင် တစ်ဦးက ဖော်ပြတဲ့လာဘ်ငွေ တွေ ပေးခဲ့ရပြီး နောက်ဆုံးအဆင့်မှာ တိုင်းဒေသကြီးအစိုးရဝင် ဝန်ကြီးတစ်ဦးရဲ့ဆန္ဒအတိုင်း အကျိုး စီးပွား ထိခိုက်နိုင်တဲ့သူက ဥယျာဉ်ဇင်ကျေးရွာက လူဦးရေက(၇၁)ဦးကို တစ်ကြိမ်၊ (၁၅၂)ဦးကို တစ်ကြိမ် မရေရာတဲ့ အကြောင်းပြချက်တွေနဲ့ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လိပ်မူပြီးတော့ တိုင်ကြားစေခဲ့ပါတယ်။

အဲဒီ တိုင်စာမိတ္တူတွေကိုလည်း ကျွန်တော်ရပါတယ်။ တိုင်စာအများကို ဦးဆောင်ပြုလုပ်တဲ့သူ အချို့ကိုလည်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထဲက ဝန်ကြီးတစ်ဦးက ဒီဆိုင် လုံးဝဖွင့်ခွင့်မရစေဘူးဆိုပြီး ကတိပေးထားတယ်လို့လည်း ကြားသိရပါတယ်။ အဲဒီလိုအခြေအနေမှာ ကျေးရွာက ဆီဆိုင်ဖွင့်မှာကို ကန့်ကွက်မယ့်သူ မဲပုံးထောင် စိစစ်ဖို့ဆိုတာ အကောင်အထည်ဖော်လာတာလည်း ဖြစ်ပါတယ်။ ကျေးရွာနားမှာ ဓာတ်ဆီဆိုင် လာဖွင့်တာ အများစုက ရွာသူ၊ ရွာသားတွေက ကန့်ကွက်ဖို့ မရှိသလို စိတ်ဝင်စားမှုလည်း မရှိတဲ့အခြေအနေပါ။ ဒီလိုအခြေအနေမှာ ကန့်ကွက်ကြောင်း လက်မှတ်ရေးထိုး တိုင်စာပို့ထားတဲ့သူပေါင်း(၂၂၃)ယောက်ကို လာပြီးကန့်ကွက်မဲ ထည့်လိုက်တာနဲ့ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် သဘောမတူခြင်းက ကျေးရွာက ကန့်ကွက်လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ စီမံတာ အောက်တန်းကျတဲ့လုပ်ရပ်ပါ။ လူအများစုရဲ့ဆန္ဒကို လူအနည်းစု ကောက်ကျစ်မှုမှာ လာအသုံးချတဲ့ သဘောပါ။

ဒါပေမဲ့ ကျေးရွာမှာ ကန့်ကွက်တဲ့သူနဲ့ မကန့်ကွက်တဲ့သူ မဲပုံးထောင်လိုက်တော့ ကန့်ကွက်တဲ့သူက (၁၀)မဲတောင် မရှိတဲ့အတွက် မကန့်ကွက်တဲ့ မဲတွေပဲ ပေါ်ထွက်လာခဲ့ပါတယ်။ အဲဒီအချိန်ကျတော့ အများစု မကန့်ကွက်တာကို အသိအမှတ် မပြုတော့ဘဲနဲ့ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး မဟုတ်တဲ့ အထက်ကပြောခဲ့တဲ့ ဝန်ကြီးက မြစ်ချောင်းဖွံ့ဖြိုးရေးဥပဒေနဲ့ ငြိတယ်တို့၊ တံတားနားနီးလို့ ကား အသွား/အလာတွေ မလွတ်ကင်းတာကြောင့် ခွင့်မပြုနိုင်ဘူး ဆိုတဲ့အသံ တစ်ခါ ကြားရပါတယ်။ သေချာတာတစ်ခုကတော့ ကန့်ကွက်လက်မှတ် ရေးထိုးခိုင်းခဲ့တဲ့ လက်မှတ်ရှင် (၂၀၀)ကျော်ဟာ ကန့်ကွက်မဲအဖြစ် ပေါ်ထွက်မလာတော့ တိုင်ခိုင်းသူ လူကြီးမင်းရဲ့ အကွက်ဆင် ဖန်တီးမှုတွေသာ ဖြစ်တယ်ဆိုတာ အထင်အရှားပေါ်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point သုံးပြီး မေးမြန်းပါရစေ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်ဆီကို အခုဖော်ပြထားတဲ့ မိတ္တူ(၁)စောင် ရောက်ရှိလာပါတယ်။ လိပ်မူတာကတော့ မကွေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံကို ဖြစ်ပါတယ်။ ကိုင်းမြေကို လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားတဲ့နေရာမှာ ၂၆-၄-၂၀၁၇ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်း အမှတ်စဉ်(၂/၂၀၁၇)၊ ဆုံးဖြတ်ချက်အမှတ်(၃)အရ ကျေးရွာက ကန့်ကွက်ခြင်း ရှိ/မရှိ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်တင်ပြရန်လို့ ဆုံးဖြတ်ပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပြန်တင်ပြဖို့ ဆောင်ရွက်ခြင်းအပေါ် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးစေလိုလို့ တင်ပြလာတဲ့စာ ဖြစ်ပါတယ်။

ဒီမြေနဲ့ပတ်သက်တဲ့ လုပ်ငန်းစာတွဲအမှတ်၊ ၂၆/လယ(၃၀)/(၂၀၁၅-၂၀၁၆)/ မကွေး/မင်းဘူး (စကု) (လယ်ယာမြေ အခြားနည်းအသုံးပြုခွင့် လျှောက်ထားခြင်း) တစ်တွဲလုံးကို သေချာလေ့လာကြည့်တော့ လုပ်ငန်းတစ်ရပ်လုံး စနစ်တကျရှိပြီး လိုအပ်ချက် တစ်စုံတစ်ရာမှ မတွေ့ရဘဲနဲ့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သဘောတူရန်သာ ရှိနေတဲ့အခြေအနေမှာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေမှာ မပါရှိတဲ့ ကျေးရွာက ကန့်ကွက်ခြင်း ရှိ/မရှိ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ စိစစ်တင်ပြရန် စေခိုင်းတာဟာ ဥပဒေမှာ

မပါတဲ့အလုပ်ကို စေခိုင်းတာဖြစ်လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးအနေနဲ့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ထံ မလိုလားအပ်သော ကျေးရွာပြည်သူလူထု စည်းလုံး ညီညွတ်မှု ပျက်ပြားစေမည့် ဥပဒေ၊ နည်းဥပဒေ လုပ်ထုံးလုပ်နည်းတွင် မပါရှိသည့် ဆုံးဖြတ်ဆောင်ရွက်ခြင်းများ မပြုလုပ်ရန် တိုက်တွန်းလွှာကို ၁၂-၅-၂၀၁၇ ရက်နေ့က ပေးပို့ခဲ့ပါတယ်။ အဲဒီလို တိုက်တွန်းခြင်းနဲ့ ပတ်သက်လို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ၁၈-၅-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၅/၄၃-၂၀၇ (၂၆၃/ဦး ၆)နဲ့ ဝန်ကြီးချုပ်ရဲ့ မှတ်ချက်နဲ့ တိုင်းမြေစီအတွင်းရေးမှူးက စိစစ်ဆောင်ရွက်လျက် ရှိသည်။ အမျိုးသားလွှတ်တော်မှ တစ်ဆင့်သာလျှင် တိုက်တွန်းပါ။ တိုင်းအစိုးရထံ တိုက်ရိုက် တိုက်တွန်းလျှင် လွှတ်တော်၏ အခန်းကဏ္ဍကို ကျော်လွန်---------(ဩဘာသံများ)

**ချင်းပြည်နယ်သည် တောင်ယာခုတ်ခြင်း ကြောင့် အဓိက သစ်တောပြုန်းတီးမှုဖြစ်၍ ၎င်းအစား စီးပွားဖြစ်သော စိုက်ပျိုးရေးစနစ် အစားထိုးရန် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် စီမံကိန်းချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း က ချင်းပြည်နယ်သည် တောင်ယာခုတ်ခြင်းကြောင့် အဓိက သစ်တောပြုန်းတီးမှုဖြစ်၍ ၎င်းအစား စီးပွားဖြစ်သော စိုက်ပျိုးရေးစနစ်အစားထိုးရန် နိုင်ငံတော်၏ ကူညီပံ့ပိုးမှုဖြင့် စီမံကိန်းချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ် မဲဆန္ဒနယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ဟာ အဓိက သစ်တောပြုန်းတီးခြင်း အကြောင်းအရင်းကတော့ တောင်ယာခုတ်ခြင်းကြောင့် ဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့တော့ ချိန်းဆော(ခ)သစ်ဆွဲစက်ငယ်များကို ခိုးကြောင်ခိုးဝှက် စည်းမဲ့ကမ်းမဲ့ ခုတ်ထွင်ရောင်းချခြင်းများကြောင့် သစ်တောပြုန်းတီးပါတယ်။ တတိယအချက်အနေနဲ့ မန္တလေးမှာနေထိုင်ကြတဲ့ တရုတ်များကနေပြီးတော့မှ သစ်ခွပန်းများကို ဈေးကောင်းကောင်းနဲ့ဝယ်ကြသဖြင့် လူငယ်များမှာ သစ်ခွပန်းများကို ရှာဖွေရာတွင် မတက်နိုင်သည့်အပင်များကို ခုတ်လှဲခြင်းကြောင့် သစ်တောပြုန်းတီးပါတယ်။ သစ်တောပြုန်းတီးမှုကြောင့် ရေရှားပါးလာတယ်။ ရာသီဥတု ဖောက်ပြန်လာတယ်။ အအေးရာသီတွင် အအေးပိုကဲလာခြင်း၊ အပူရာသီတွင် အပူပိုကဲလာခြင်းတို့ကြောင့် လူတွေမှာလည်း အပူ၊ အအေး မမျှတသဖြင့် ကျန်းမာရေးထိခိုက်လာပြီး ဖျားနာလာခြင်း၊ နောက်ဆုံး သေဆုံးသည်အထိ ဖြစ်ပါတယ်။

သစ်တောပြုန်းတီးမှုကြောင့် မြေကြီးများ မပြိုအောင်ထိန်းသိမ်းပေးသည့် သစ်မြစ်များ မရှိတော့သဖြင့် ကမ်းပါးပြိုခြင်း၊ တောင်ပြိုခြင်း၊ တောင်ကြောလိုက် ပြိုလာခြင်းတို့ကြောင့် မမျှော်မှန်းနိုင်

သည့်သဘာဝဘေးအန္တရာယ်များ နှစ်စဉ် ကြုံတွေ့တဲ့အတွက်ကြောင့် ရွာရွှေ့ခြင်း၊ အိမ်ရွှေ့ခြင်း၊ အိမ်များ အမိုးလှန်ခြင်းများ အများအပြား ဖြစ်လာပါတယ်။ သစ်တောပြုန်းတီးမှုကြောင့် မြေဆီ၊ မြေဩဇာများ ကုန်ခမ်းပြီး ချင်းတောင်ဒေသမှထွက်သည့် သီးနှံပင်များသည် အာဟာရချို့တဲ့ပြီး လည်ပင်းကြီးရောဂါနှင့် အခြားအာဟာရချို့တဲ့သည့်ရောဂါများ ရရှိလာပါတယ်။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်မှာ ကျေးရွာပေါင်း (၂၀၂)ရွာ ရှိသည့်အနက် မြစိမ်းရောင်စီမံချက်က (၁၇)ရွာ၊ သမဝါယမ‌ချေးငွေက ပိုက်ဆံချေးရာ စုစုပေါင်း (၅၁)ရွာ ရရှိပါတယ်။ သမချေးငွေက (၆)လ တစ်ကြိမ် ပြန်ဆပ်ရတဲ့အတွက်ကြောင့်မို့လို့ တောင်သူဦးကြီးများအနေနဲ့ အခြားဆီက (၁၀)ရာခိုင်နှုန်း အတိုးဖြင့် ချေးယူပြီး ပြန်ဆပ်ရသဖြင့် အကြွေးနစ်မြုပ် သံသရာလည်လျက် ရှိပါတယ်။ သို့ဖြစ်ပါ၍ နောင်ရေရှည်တွင် မမျှော်မှန်းနိုင်သည့် သဘာဝအန္တရာယ်များ ဆက်လက် ကြုံတွေ့နေရဦးမည်ဖြစ်၍ တောင်ယာစနစ် အစားထိုးသည့် စီးပွားဖြစ်စိုက်ပျိုးရေးစနစ်ကို နိုင်ငံတော်မှ ပံ့ပိုးကူညီမှုဖြင့် စီမံကိန်းချ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပီချောင်း နယ်မြေ၊ ကျောက်တော် - စပါးဆိပ်(ပီ) ၎/တရံ လမ်းပေါ် တောင်မူဇီကျေးရွာရှိ ပေ(၈၀)အကျယ်တံတားနှင့် ဝပြန်ကျေးရွာရှိ ပေ(၁၃၀) အကျယ် တံတားနှစ်စင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ပီချောင်း နယ်မြေ၊ ကျောက်တော် - စပါးဆိပ်(ပီ) ၎/တရံ လမ်းပေါ် တောင်မူဇီကျေးရွာရှိ ပေ(၈၀)အကျယ် တံတားနှင့် ဝပြန်ကျေးရွာရှိ ပေ(၁၃၀) အကျယ် တံတားနှစ်စင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို သာလီစွ ပါလို့ ဦးစွာပထမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ကျေးရွာလမ်းတံတားနှင့် ပတ်သက်တဲ့ မေးခွန်းတစ်ခုကို ကြယ်ပွင့်ပြ မေးခွန်းအနေနဲ့ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မေးခွန်းတွင် ပါဝင်တဲ့ တံတား(၂)စင်းကတော့ ကျောက်တော်မြို့နယ်၊ ကျောက်တော် - စပါးဆိပ်(ပီ) ၎/တရံ လမ်းပေါ်တွင်ရှိတဲ့ တံတားများဖြစ်ပါတယ်။ ဒီလမ်းဟာ ကျောက်တော်မြို့မှ ချင်းပြည်နယ်၊ ပလက်ဝအထိ

ဖောက်လုပ်နိုင်တဲ့ လမ်းဖြစ်ပါတယ်။ အရှည်မိုင် (၂၁) မိုင်ရှိပါတယ်။ ကျေးရွာပေါင်း (၂၇)ရွာနဲ့ လူဦးရေပေါင်း (၁၇၀၀၀) ကျော်လောက်ကို အကျိုးပြုတဲ့လမ်း(၁)လမ်းဖြစ်ပါတယ်။ ယခုလက်ရှိ (၁၃)မိုင်ကို မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ် ဘဏ္ဍာနှစ်မှာ သမ္မတ သီးသန့်ရန်ပုံငွေဖြင့် ခွင့်ပြုငွေ (၁၂၄.၈)သန်းဖြင့် ဖောက်လုပ်ခဲ့ခြင်းကြောင့် အဆိုပါ (၁၃)မိုင်ကို နွေရာသီတွင် လူသွားလမ်း၊ ဆိုင်ကယ်လမ်းအဖြစ်သာ အသုံးပြုခွင့်ရရှိခဲ့ပြီး ကားလမ်းအဖြစ် အသုံးပြု၍ မရရှိသေးပါဘူး။ မိုးရာသီဆိုလို့ရှိရင် လုံးဝအသုံးပြုလို့မရတဲ့ လမ်းတစ်လမ်း ဖြစ်ပါတယ်။ အဆိုပါ (၁၃)မိုင်ကို နွေရာသီတွင် ဒေသခံများ အသုံးပြုနိုင်ရေးအတွက် တောင်မူဇီကျေးရွာတွင် ရှိတဲ့ (၈၀)ပေ အကျယ်တံတား၊ သစ်သားတံတားနဲ့ ဝပြန်ကျေးရွာတွင်ရှိတဲ့ (၁၃၀)ပေအကျယ် သစ်သားတံတားများဟာ ဟောင်းနွမ်းနေပြီး ဆိုင်ကယ်များနဲ့ လူများတောင် ဖြတ်ရတာ အဆင်မပြေဘူး။ အဆင်မပြေမှုရှိပြီး အန္တရာယ်များနေတဲ့ တံတားများဖြစ်နေပါပြီ။ အဆိုပါ တံတား(၂)စင်းဟာ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် သံကူကွန်ကရစ်တံတား လုပ်ဆောင်ပေးနိုင်မှသာ ဒေသခံပြည်သူများ နွေရာသီတွင် အဆင်ပြေစွာ သွားလာနိုင်ကြမည် ဖြစ်ပါတယ်။ အဆိုပါ လမ်းတံတားနဲ့ လုပ်ငန်းနဲ့ပတ်သက်၍ ပြည်ထောင်စုအဆင့်မှ လမ်းအမျိုးအစား၊ လမ်းအဆင့်သတ်မှတ်ခြင်း၊ လမ်းတံတား စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ လမ်းနယ်သတ်မှတ်ခြင်းနှင့် လမ်းလုပ်ပိုင်ခွင့်နယ်မြေ သတ်မှတ်ခြင်းများအား ဒေသန္တရ လမ်းတံတားဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီမှ အတည်ပြုချက်ရရှိပြီးဟုလည်း သိရှိရပါတယ်။ တံတား (၂)စင်းနှင့်ပတ်သက်၍လည်း ကျေးလက်ဦးစီးဌာနအနေဖြင့် တိုင်းတာမှုပြုလုပ်ပြီး ကုန်ကျမည့်ငွေများ တွက်ချက်ပြီးဖြစ်ကြောင်းလည်း သိရှိရပါတယ်။ သို့ပါ၍ ပီချောင်းနယ်မြေတွင်ရှိတဲ့ ပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျောက်တော်မြို့နယ်၊ ပီချောင်းနယ်မြေရှိ ကျောက်တော် - စပါးဆိပ်(ပီ) ၎/တရံ လမ်းပေါ်ရှိ တောင်မူဇီကျေးရွာ (၈၀)ပေ တံတားနှင့် ဝပြန်ကျေးရွာရှိ (၁၃၀)ပေ အကျယ် တံတားနှစ်စင်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သံကူကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၄။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစန်းမောင်မောင်ရဲ့ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပဲခူး - တာဝ ဆည်မြောင်းတာလမ်းကို ကွန်ကရစ်လမ်းအဖြစ်

ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားပေးပါမယ်။

ပဲခူးမြို့နယ်၊ ပဲခူးမြစ် အရှေ့ဘက်ကမ်းမှာ တည်ဆောက်ထားတဲ့ ပဲခူး-တာဝ ရေဘေးကာကွယ်ရေးတာဟာ ပဲခူးမြို့ ရေကြီးမှုဒဏ်က ကာကွယ်ပေးနိုင်ဖို့အတွက် ရှေးယခင် နှစ်ပေါင်းများစွာတည်းက တည်ဆောက်ထားခဲ့တဲ့တာ ဖြစ်ပါတယ်။ အဆိုပါ တာတမံတွေနဲ့ ပဲခူးမြို့အတွင်းမှာရှိတဲ့ ပဲခူးမြစ်ကူးတံတားကနေ တာဝရေတံခါးထိ အလျား(၈)မိုင် (၄) ဖာလုံခန့် ရှည်လျားပါတယ်။ ပဲခူးမြစ်ကူးတံတားကနေ မုန်တိုင်းကျေးရွာအထိ အလျား(၁)မိုင်ခန့်ကို ကွန်ကရစ်လမ်း ခင်းထားပြီးတော့ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထိန်းသိမ်းလျက်ရှိပါတယ်။ ကျန် (၇)မိုင် (၄)ဖာလုံကိုတော့ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းလျက် ရှိပါတယ်။ ပဲခူး-တာဝ တာတမံကို ပဲခူးမြစ်ကမ်းဘေးတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများက ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုလျက်ရှိကြပါတယ်။ ပဲခူး-တာဝ တာတမံ မြေသားတာပေါင် (၇)မိုင် (၄)ဖာလုံကို တာပုံစံကျမြေဖို့ပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေမှာ လျာထားပါဝင်ပြီးဖြစ်တဲ့အတွက် မိုးရာသီကုန် ပွင့်လင်းရာသီမှာ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ပဲခူး-တာဝ ဆည်မြောင်းတာလမ်းကို ကွန်ကရစ် လမ်းခင်းဖို့ကိစ္စနဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။ ဌာနရဲ့လုပ်ငန်းသဘော သဘာဝအရ တာတမံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို စက်ယန္တရားကြီးတွေနဲ့ ဆောင်ရွက်တဲ့နေရာမှာ လမ်းမျက်နှာပြင်ကို ထိခိုက်ပျက်စီးနိုင်ပြီးတော့ မြေသားဖြင့် ပြန်လည်ပြုပြင်ရန် ဆောင်ရွက်၍ မရတဲ့အတွက် ပြုပြင် ထိန်းသိမ်းစရိတ်တွေ ပိုမိုများပြားလာမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကွန်ကရစ်လမ်းခင်းရန် မသင့်လျော်တဲ့ အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် တာပေါင်ကို ကျေးရွာချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်ဖို့ ကျောက်ရောမြေစာ(ရိစာ)ကိုသာ ဒေသအစီအစဉ်ဖြင့် ဆောင်ရွက်သွားသင့်ပါကြောင်းနှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှလည်း လိုအပ်သောနည်းပညာနှင့် ပံ့ပိုးကူညီမှုများ ပေါင်းစပ်ပါဝင် ဆောင်ရွက်ပေးသွားပါမည်ဖြစ်ပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြား ချက်နဲ့အတူ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ရဲ့ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့် လျှောက်ထားရာမှာ လယ်ယာမြေ ဥပဒေ/ နည်းဥပဒေနှင့် မညီသောကိစ္စများ ဆောင်ရွက်နေတဲ့ မကွေးတိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို မည်ကဲ့သို့ ထိန်းကျောင်း ကြပ်မတ်အရေးယူမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းဟာ ဦးဟိန်းထက်အောင် ဆိုတဲ့ပုဂ္ဂိုလ်က မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ ဥယျာဉ်ဇင်ကျေးရွာအုပ်စု၊

ကွင်းအမှတ် (၁၁၉၂)၊ ဦးပိုင်အမှတ် (၁၆၀)၊ မြေအမျိုးအစားအားဖြင့် ကိုင်းမြေ၊ ဧရိယာအားဖြင့် (၀.၄၂) ဧက ရှိတဲ့မြေကို စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ဖို့အတွက် လယ်ယာမြေကို အခြားနည်း သုံးစွဲခွင့်လျှောက်ထားမှုအပေါ် မြေတည်ရှိရာဒေသခံ ကျေးရွာသူ၊ ကျေးရွာသားများကို ကန့်ကွက်ရန် ရှိ/မရှိ ဆန္ဒတောင်းခံခြင်းနှင့်စပ်လျဉ်းပြီး မေးမြန်းထားကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ မေးခွန်းမှာ ဖော်ပြချက်တွေအရ ဦးဟိန်းထက်အောင် ရဲ့ လယ်ယာမြေ အခြားနည်းအသုံးပြုရန် လျှောက်ထားမှုကို မင်းဘူးမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန က ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် မတိုင်မီ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ခြင်းအပေါ် လာရောက်ကန့်ကွက်လွှာ တင်သွင်းသူ မရှိခဲ့ကြောင်းလည်း ဖော်ပြထားတာ တွေ့ရပါတယ်။ သို့သော်လည်းပဲ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ အစည်းအဝေးမှာ ကျေးရွာက ကန့်ကွက်ခြင်း ရှိ/မရှိ၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုက စိစစ်တင်ပြဖို့ ဆုံးဖြတ်ခဲ့တဲ့အတွက် ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကနေပြီး ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့မှာ ကွင်းဆင်းပြီး ကန့်ကွက်လိုသူ၊ ကန့်ကွက်မှုမပြုလိုသူတို့ကို ဆန္ဒမဲ ကောက်ယူခဲ့တာကိုလည်းပဲ သိရှိရကြောင်း ဖော်ပြထားပါတယ်။

ယင်းသို့ဆောင်ရွက်ခြင်းဟာ နည်းဥပဒေပါ ပြဋ္ဌာန်းထားတဲ့ အချိန်ကာလထက် များစွာ နောက်ကျနေပြီးတော့ ဥပဒေ၊ နည်းဥပဒေမှာ မပါတဲ့ဆောင်ရွက်မှုများ ဖြစ်နေကြောင်း မေးခွန်းမှာ ဖော်ပြထားမှုကို တွေ့ရှိရပါတယ်။ စက်သုံးဆီအရောင်းဆိုင်ဖွင့်လှစ်ဖို့ လျှောက်ထားတဲ့နေရာဟာ ကိုင်းမြေ အမျိုးအစား ဖြစ်ပါတယ်။ လယ်ယာမြေမှမဟုတ်တဲ့ အခြားသော လယ်ယာမြေများကို လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀(ခ) အရ ယင်းမြေကို အခြားနည်းသုံးရာမှာ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုရဲ့ စိစစ်တင်ပြချက် အပေါ်မှာသာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ခွင့်ပြုခြင်း၊ ခွင့်မပြုခြင်း၊ အဆုံးအဖြတ်ပြုနိုင်ခွင့် ရှိပါတယ်။ ဦးဟိန်းထက်အောင် ရဲ့ လျှောက်ထားမှုအပေါ်မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ကန့်ကွက်နိုင်ကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းအပေါ် ကန့်ကွက်သူမရှိသော်လည်းပဲ ဥယျာဉ်ဇင်ကျေးရွာသူ၊ ကျေးရွာသား (၁၅၂) ဦးက ကန့်ကွက်ကြောင်း လက်မှတ်ထိုးပြီး ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက် ရက်စွဲနဲ့ တိုင်းဒေသကြီးအစိုးရ အဖွဲ့ကို တင်ပြခဲ့ကြောင်းလည်း သိရှိရပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ မိမိတိုင်းဒေသကြီး အတွင်းမှာရှိတဲ့ ကဏ္ဍအသီးသီးရဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားတိုးတက်ရေး၊ အများပြည်သူနေ့စဉ်ဘဝ လုပ်ငန်းဆောင်တာများ မထိခိုက်စေရေး၊ ရှေးရှု ဆောင်ရွက်ရမှု ရှိတဲ့အလျောက် မင်းဘူး(စကု)မြို့နယ်၊ ဥယျာဉ်ဇင်ကျေးရွာအုပ်စု၊ မန်းချောင်းတံတား ချဉ်းကပ်လမ်းဘေးမှာ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်မယ့် ကိစ္စအပေါ်မှာ တိုင်းဒေသကြီးအစိုးရ အဖွဲ့ရဲ့ ၂၀၁၇ ခုနှစ်၊ မတ်လ ၃ ရက်နေ့က ကျင်းပတဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) နဲ့ စိစစ် သုံးသပ်ပြီးတော့ လုပ်ငန်းတွေကို ရပ်ဆိုင်းဖို့နဲ့ ခွင့်ပြုချက်မရမီ ဆောင်ရွက်ချက်တွေကို ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ရန် ဆိုပြီးတော့ ဆုံးဖြတ်ချက်ရှိခဲ့ကြောင်း သုံးသပ်ရရှိပါတယ်။

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က သုံးသပ်ခဲ့တဲ့ အချက်တွေကို တင်ပြရမယ်ဆိုရင် ဆိုင်နေရာဟာ မန်းချောင်းတံတားရဲ့ ဥယျာဉ်ဇင်ကျေးရွာဘက်ခြမ်းထိပ်မှာ တည်ရှိတဲ့အတွက် ယာဉ်တွေ တံတားပေါ်ဖြတ်သန်းမှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း၊ မန်းချောင်းတံတား ချဉ်းကပ်လမ်းဘေးမှာ

ကပ်လျက်ရှိပြီးတော့ ယာဉ်များရှောင်ကွင်းဖို့အတွက် လမ်းကျဉ်းနေတဲ့အတွက် ဥယျာဉ်ဇင်ကျေးရွာ အပါအဝင် မန်းချောင်းမြောက်ဘက်ကမ်းတစ်ကြော ကျေးရွာနေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူ များ ယာဉ်သွားယာဉ်လာကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း၊ စက်သုံးဆီ အရောင်းဆိုင်ပြုလုပ်ဖို့ မြေနေရာ ကို တံတားချဉ်းကပ်လမ်းရဲ့ အမြင့်နှင့်အညီ မြေနိကျောက်ဖို့ခြင်း၊ မြေကာ ကျောက်စီနံရံများ မြှင့်တင် ပြုလုပ်ထားခြင်းကြောင့် မိုးရာသီမှာ မန်းချောင်း ရေလျှံတဲ့အခါမှာ ရေလျှံစီးဝင်ရာ လမ်းကြောင်းမှာ တုတ်တားသလိုဖြစ်ပြီးတော့ မန်းချောင်းတံတား ချဉ်းကပ်လမ်းကို ရေကျော်ကာ ကျိုးပဲ့ပျက်စီးနိုင် ကြောင်း၊ မန်းချောင်းတံတားရဲ့ နှုတ်သီးကျိုးပဲ့ခြင်းများ ဖြစ်လာနိုင်ကြောင်း၊ အဆိုပါ မြေနိကျောက် ဖို့ခြင်း၊ မြေကာကျောက်စီနံရံကို ချဉ်းကပ်လမ်းနှင့်အညီ မြှင့်တင်ထားခြင်းတို့ကြောင့် မိုးရာသီ မန်းချောင်းရေလျှံချိန်မှာ ရေလမ်းကြောင်းများပြောင်းပြီး ရွာမြေ၊ စိုက်ပျိုးဥယျာဉ်ခြံမြေများ ရေတိုက် စားခြင်း၊ သဲဖုံးခြင်းများဖြစ်ပေါ်စေပြီး ပျက်စီးဆုံးရှုံးနိုင်ကြောင်း၊ အဆိုပါ ဆိုင်ဖွင့်လှစ်နေရာဟာ ကျေးရွာလူနေအိမ်ခြေနဲ့ နီးကပ်ခြင်းကြောင့် လောင်စာဆီပေါက်ကွဲခြင်း အန္တရာယ်ဖြစ်နိုင်ပြီး အသက် အိုးအိမ်များ ပျက်စီးနိုင်ကြောင်း သုံးသပ်ပြီးတော့ လူထုရဲ့အကျိုးစီးပွားကို ကာကွယ်သည့်အနေနဲ့ ဆုံးဖြတ်ချက်ချကြောင်း သိရှိရပါတယ်။

တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်ဟာ လယ်ယာမြေ နည်းဥပဒေ ၈၆၊ အပိုဒ်ခွဲ(ခ)၊ (ဂ)နဲ့ (ဃ) ပါ စိစစ်ရန် ပြဋ္ဌာန်းချက်များဖြစ်တဲ့ ပတ်ဝန်းကျင်မှာ လက်ရှိလုပ်ကိုင်နေတဲ့ စိုက်ပျိုးရေး လုပ်ငန်းတွေကို ထိခိုက်နိုင်ခြင်းရှိ/မရှိ၊ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် အသုံးပြုလျက်ရှိတဲ့ ရေသွင်း၊ ရေထုတ်စနစ်ကို ထိခိုက်နိုင်ခြင်းရှိ/မရှိ၊ အများပြည်သူအသုံးပြုနေတဲ့လမ်းများ၊ လယ်ယာကုန်ထုတ် လမ်းများကို ထိခိုက်နိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ စိစစ်ချက်များ၊ အချက်များအပေါ်မှာ အခြေခံထား ဆောင်ရွက်မှုများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ နည်းဥပဒေ ပါ ပြဋ္ဌာန်းချက်တွေအရ လယ်ယာမြေမှတစ်ပါးဖြစ်တဲ့ လယ်ယာမြေများကို အခြားနည်း အသုံးပြုရန် ကိစ္စကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ စိစစ်သုံးသပ် ဆုံးဖြတ်ပိုင်ခွင့်ရှိတဲ့လုပ်ငန်း ဖြစ်ပါတယ်။ ယင်းအပေါ်မှာအခြေခံပြီး ဆုံးဖြတ်ချက်ပြုကြောင်း သုံးသပ်ရရှိပါတယ်။ လယ်ယာမြေ အခြားနည်း ဥပဒေများအရ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ခွင့်ပြုပေးနိုင်ခြင်း မရှိဘဲနဲ့ ဥပဒေ၊ နည်းဥပဒေများအရသာ စိစစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြ ပေးရန်သာ ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဆုံးဖြတ်ချက်အရသာ ဥပဒေ၊ နည်းဥပဒေ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီးလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေဟာ အများပြည်သူအကျိုးစီးပွားကို ထိခိုက်မယ်။ ဥပဒေ၊ နည်းဥပဒေနှင့် မညီညွတ် မယ်ဆိုရင် မိမိတို့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့က ညွှန်ကြားချက်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီ ခန့်ခွဲထိန်းကျောင်း ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့က အုပ်ချုပ်ရေး၊ ယန္တရားရဲ့ စီမံခန့်ခွဲမှုနည်းလမ်းအရ တည့်မတ်ထိန်းကျောင်းရတဲ့ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ကလည်း တာဝန်နှင့်လုပ်ပိုင်ခွင့်အရ ယင်းတို့အပေါ်မှာ ထိန်းကျောင်းပေးမှာပဲ ဖြစ်ပါတယ်။ သို့ရာမှာ မေးမြန်းမှုဖြစ်ပေါ်တဲ့ စက်သုံးဆီအရောင်းဆိုင် ဖွင့်လှစ်ရာမှာ လယ်ယာမြေအခြားနည်း အသုံးပြုခွင့်

လျှောက်ထားခဲ့တဲ့ ဖြစ်စဉ်နှင့်ပတ်သက်လို့ တိုင်းလယ်စီက ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဘဲ အများပြည်သူအကျိုးစီးပွားကို ရှေးရှုပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမာန်လောမောင်း အနေနဲ့ ချင်းပြည်နယ်မှာ တောင်ယာခုတ်ခြင်းကြောင့် အဓိက သစ်တောပြုန်းတီးမှုဖြစ်ပြီး ၎င်းအစားစီးပွားဖြစ်သော စိုက်ပျိုးရေးစနစ်အစားထိုးဖို့ နိုင်ငံတော်ရဲ့ ကူညီပံ့ပိုးမှုဖြင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားပေးပါမယ်။

ချင်းပြည်နယ်ရဲ့ တောတောင် သဘာဝအခြေအနေအရ ဒေသခံပြည်သူတွေဟာ စားဝတ်နေရေးအတွက် သဘာဝတောတွေကို ခုတ်ထွင်ရှင်းလင်းပြီး ရွှေ့ပြောင်းတောင်ယာစနစ်၊ (Shifting Cultivation) နဲ့ ရှေးနှစ်ပေါင်း များစွာကာလတည်းက အစဉ်အဆက် ဆောင်ရွက်ခဲ့ကြပါတယ်။ တိုးပွားလာတဲ့ လူဦးရေနှင့်အညီ ရွှေ့ပြောင်းတောင်ယာ များပြားလာတဲ့အတွက်ကြောင့် သစ်တောပြုန်းတီးမှု ဥပဒေဟာလည်း တစ်ဖက်မှာ ဖြစ်ပေါ်လာပါတယ်။ လမ်းပန်းဆက်သွယ်ရေး ချောမွေ့စေဖို့ အဓိက လမ်းကြီးတွေ တိုးချဲ့ဖောက်လုပ်တာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းကြောင့်လည်းပဲ သစ်တောပြုန်းတီးမှုအပြင် သဘာဝပတ်ဝန်းကျင်အပေါ်မှာ အကျိုးသက်ရောက်မှုတွေ တွေ့ရှိရပါတယ်။ ချင်းပြည်နယ်အနေနဲ့ ရွှေ့ပြောင်းတောင်ယာစနစ် လျော့ပါးပပျောက်နိုင်ရအောင် ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးစီမံကိန်းနှင့် လှေခါးထစ်လယ်ယာ ဖော်ထုတ်ခြင်းလုပ်ငန်းတို့ကို နှစ်စဉ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိမှာ (၈၅၅၄) ဧကအတွက် ဖော်ထုတ်ပြီးဖြစ်ပါတယ်။ ပြည်နယ်အတွင်း ရွှေ့ပြောင်းတောင်ယာ ခုတ်ထွင်စိုက်ပျိုးတဲ့ အဓိကသီးနှံဖြစ်တဲ့ တောင်ယာစပါးနှင့် အစေ့ထုတ်ပြောင်း သီးနှံကတော့ ယခင် ၂၀၁၂-၂၀၁၃ မှာ တောင်ယာစပါး ဧက (၈၂၀၀၀)ကနေ ရှိခဲ့ရာ မနှစ်က ၂၀၁၆-၂၀၁၇ မှာ ဧက (၅)သောင်းအထိ လျော့ကျလာတဲ့သဘောမျိုး တွေ့ရပါတယ်။ အလားတူ အစေ့ထုတ်ပြောင်းတွင်လည်း ဧက(၇)သောင်းခန့်ကနေ၊ ဧက (၄၇၀၀၀)ခန့်အထိ လျော့နည်းလာတာကို တွေ့ရပါတယ်။

ပြည်နယ်အတွင်း အခြားဝင်ငွေရမယ့် သီးနှံ ဝဥကို ၂၀၁၄-၂၀၁၅ မှာ စတင်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ပါတယ်။ သို့ရာတွင် (၃)နှစ်အတွင်း ဧက (၇၆၀၀) ကို စိုက်ပျိုးလာတာကို တွေ့ရပါတယ်။ ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးဧရိယာမှာ နှစ်ရှည်သီးနှံနဲ့ အမြဲတမ်းစိုက်ခင်းစနစ်များ ပြောင်းလဲစိုက်ပျိုးရေးဆောင်ရွက်မှု ပြုကြပါတယ်။ ရွှေ့ပြောင်းတောင်ယာစနစ်ပပျောက်ရေးကို ဆောင်ရွက်ရာမှာ အမြဲတမ်းစိုက်ခင်းတွေဖြစ်တဲ့ (Permanent Farms) များ ထူထောင်ဆောင်ရွက်သွားနိုင်ဖို့ ရေရရှိရေး နည်းလမ်းအပြင် ရေစုဆောင်းသိုလှောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ဖို့ နှစ်ရှည်ဝင်ငွေရ သီးနှံ ဝဥ၊ စပျစ်နဲ့ လိမ္မော်၊ ကော်ဖီ၊ မျောက်ငို စတဲ့ ဥယျာဉ်ခြံသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ ကျေးရွာပိုင်၊

ပုဂ္ဂလိကပိုင်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ထင်းစိုက်ခင်းများ ထူထောင်ဆောင်ရွက်ဖို့ အစီအမံများလည်း လုပ်ကိုင်ဆောင်ရွက်သွားဖို့အတွက် ရှိပါတယ်။ တစ်ဖက်မှာလည်း ဆင်ခြေလျှော ရွှေ့ပြောင်းတောင်ယာစနစ်ရဲ့ တောင်ယာခုတ်မီးရှို့ခြင်း၊ ရေတိုက်စားခြင်းကြောင့် မြေဆီလွှာပြုန်းတီးမှုကို ကာကွယ်နိုင်ဖို့အတွက်လည်း ကွန်တိုကန်သင်းကန့် စိုက်ပျိုးခြင်းလုပ်ငန်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ နည်းပညာ စံပြကွက်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

သစ်တောပြုန်းတီးမှု ကာကွယ်နိုင်ဖို့တော့ တရားမဝင်သစ်ခုတ်တဲ့ ကိစ္စ၊ သစ်ဆွဲ အသုံးပြုခြင်းမရှိသည်ကိုလည်း ဥပဒေအကြောင်းအရ ထိန်းကျောင်းဆောင်ရွက်ပေးနေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး ထောက်ပြတဲ့ မေးခွန်းမှာပါတဲ့ သစ်တောပြုန်းတီးရခြင်းရဲ့ အဓိကအချက် တောင်ယာခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်သွားနိုင်ဖို့အတွက် သစ်တောကဏ္ဍမှာ ပင်မ နှစ်(၃၀) စီမံကိန်းနဲ့ပဲ သီးနှံသစ်တောရောနှောစိုက်ပျိုးတဲ့ လုပ်ငန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော ထူထောင်ခြင်းလုပ်ငန်း၊ ကွန်တိုဘောင်စနစ်ဖြင့် ပြုလုပ်စိုက်ပျိုးစေခြင်းလုပ်ငန်း၊ သစ်တောစိုက်ခင်း ပြန်လည်ထူထောင်ရာမှာ ပြည်သူများ အသိအမြင်များ ကျယ်ပြန့်ပြီး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင် ဖို့အတွက် အကောင်အထည်ဖော် လုပ်ကိုင်နေပါကြောင်း တင်ပြအပ်ပါတယ်။

ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်းမှာ ချင်းပြည်နယ် ခရိုင်(၃)ခုဖြစ်တဲ့ ဟားခါး၊ ဖလမ်းနှင့် မင်းတပ်မှာ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ဧက(၁၄၀)၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောထူထောင်ခြင်းလုပ်ငန်း(၇၅၀)၊ သရုပ်ပြစိုက်ပျိုးရေး ပညာပေးခြင်းမှာ ကွန်တိုဘောင်ပေ (၅၀၀) ပြုလုပ်ပြီးတော့ သဘာဝမြေဩဇာပြုလုပ်ခြင်းနဲ့ သင်တန်းပို့ချပေးခြင်း၊ ပျိုးပင်များ ဖြန့်ဝေပေးခြင်းတို့ကိုလည်းပဲ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ချင်းပြည်နယ်မှာ သစ်တောပြုန်းတီးစေတဲ့ ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများ အသီးသီးအနေနဲ့ လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြား အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရခိုင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရ ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ဖြေကြားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ကျောက်တော် - စပါးဆိပ်(ပီ) ၀/တရံ လမ်းပေါ် တောင်မူဇီကျေးရွာမှာရှိတဲ့ သစ်သားတံတားကို (၈၀x၁၄x၂၅)ပေ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မယ်ဆိုရင် ငွေကျပ်သန်း(၂၀၀)၊ ဝပြန်ကျေးရွာမှာရှိတဲ့ သစ်သားတံတားပေ (၁၃၀x၁၄x၂၅)ပေ ကွန်ကရစ်တံတားအဖြစ် တည်ဆောက်မယ်ဆိုရင် ငွေကျပ်(၃၂၅) သန်း၊ စုစုပေါင်း ငွေကျပ် (၅၂၅) သန်းခန့်မှန်းကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာ (၂၇) ရွာ၊ အိမ်ခြေ (၂၈၀၀)ခန့်နဲ့ ဒေသခံပြည်သူ (၁၇၀၀၀) တို့ကိုလည်း အကျိုးခံစားရမည် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာတော့ မိမိတို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနှင့် ယခု ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၂၃၀၀) ကျော်နဲ့

(၁)ဖာလုံ၊



ယင်းအနက် ကျောက်တော်မြို့နယ်အတွင်းမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၁၈၇)သန်းနဲ့ ကွန်ကရစ်လမ်း (၁)မိုင်၊ ဆောင်ရွက်ဖို့ ပါဝင်ပါတယ်။ သို့သော်လည်းပဲ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ ကျောက်တော်မြို့နယ် အတွင်းရှိ ကွန်ကရစ်တံတားနှစ်စင်း တည်ဆောက်ခြင်းကို မိမိတို့ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ပါဝင်ခြင်း မရှိခဲ့တဲ့အတွက် လတ်တလော ဆောင်ရွက်နိုင်ခြင်း မရှိပါသော်လည်းပဲ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လိုရင်းလောက်မေးပါ။

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဟုတ်ကဲ့။ ဒုတိယဝန်ကြီးဖြေသွားတဲ့ နောက်ပိတ်ဆုံး အဖြေလေးဟာ ကျွန်တော်တို့ လ/ယ(၃၀) ခွင့်ပြုမှုနှင့် ပတ်သက်ပြီးတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကသာလျှင် သဘောမတူကြောင်းကို ဆုံးဖြတ်သွားတာ တိုင်းလယ်စီအနေနဲ့ မဟုတ်ဘူးလို့ ဖြေသွားတာကို ကျွန်တော်တို့ ကြားရပါတယ်။ အဲဒီတော့ ၃-၈-၂၀၁၇ ရက်နေ့က ထွက်ခဲ့တဲ့ သဘောမတူကြောင်းဆိုတဲ့ စာမှာတော့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ မကွေးတိုင်းဒေသကြီး၊ မကွေးရဲ့ စာအမှတ် ၃၆၀/လယ/မအ-၆ (ပ) ရက်စွဲ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ (၃)ရက်ဆိုပြီးတော့ တိုင်းလယ်စီအတွင်းရေးမှူးက ဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုးပြီး တိုင်းလယ်စီအဖွဲ့အနေနဲ့ပဲ သဘောမတူကြောင်း ဆုံးဖြတ်မှုကို သိရှိရန်ဆိုပြီးတော့ ကျွန်တော်တို့ ပေးပို့တဲ့စာ ဖြစ်တဲ့အတွက် အဲဒီကွဲလွဲတာလည်း ကျွန်တော် သိချင်ပါတယ်။ ရှင်းပြပေးပါခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျေးဇူးတင်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးထောက်ပြသွားတဲ့ မေးခွန်း အနေနဲ့ ပြန်လည်ဖြေကြားပေးပါမယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်းမှာ ဖွင့်ထားတဲ့ ကျွန်တော်တို့ လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တွေ ရှိပါတယ်။ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၎င်းတို့အတွက် လျှောက်ထားလာတဲ့အပေါ်မှာ စိစစ်ရပါတယ်။ စိစစ်ပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က သူရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာရှိတဲ့ မြေယာနှင့်ပတ်သက်ပြီး အဆုံးအဖြတ် ပေးပါတယ်။ သူရဲ့ လုပ်ပိုင်ခွင့်အတွင်းမှာ မရှိတဲ့လယ်ယာမြေနဲ့ ပတ်သက်လို့ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြရတာဖြစ်ပါတယ်။

ခုန အမျိုးသာလွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ တိုင်း လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ရဲ့ အဆုံးအဖြတ်ဖြစ်သည် ဆိုရင်တော့ ဒါ ဥပဒေအကြောင်းအရ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်

ဆောင်ရွက်သွားနိုင်ဖို့အတွက် အဆင့်ဆင့်တင်ပြဆောင်ရွက်ပေးဖို့ ကျွန်တော် မေတ္တာရပ်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အမျိုးသားလွှတ်တော် [ဩဂုတ်လ ၁၄ ရက်

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်အမည်ပြု၍ ပြည်ပမှ တင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ် မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း အဆို တင်သွင်းထားတဲ့ ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော်များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေးကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင် အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း(Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ် လူရွယ်၊ လူလတ် မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ်များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီ လုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ အဆိုရှင်ရဲ့ အဆိုကို လေ့လာတဲ့အခါမှာ အဓိက

နှစ်ပိုင်းတွေ့ရပါတယ်။ ပထမတစ်ပိုင်းကတော့ ဥပဒေရဲ့ စိုးမိုးမှုနဲ့ နောက်တစ်ခုကျတော့ သက်ဆိုင်ရာ [illegible] တ္တရားကို



[illegible] ဘိုင်းပြည်ရဲ့ အနာဂတ်ဖြစ်တဲ့ မျိုးဆက်သစ်လူငယ်၊ လူရွယ်တွေရဲ့ အကျင့်စာရိတ္တ ပျက်ပြားနေတဲ့ကိစ္စတွေကြောင့်မိုလို့ အဆိုရှင်က ဒီ အဆိုကို တင်သွင်းရခြင်းဖြစ်တယ် ဆိုတာကို လေ့လာရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီအပေါ်မှာ အခြေခံပြီးတော့ ကျွန်မအနေနဲ့ သက်ဆိုင်ရာ ကျွန်မတို့ ကိုယ်စားလှယ်ကြီးနဲ့လည်း တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ လူငယ်တွေနဲ့လည်း တွေ့ဆုံမေးမြန်းခဲ့တယ်။ သတင်းမီဒီယာတွေက လေ့လာခဲ့တယ်။ Social Media တွေ ကနေပြီးတော့မှ လေ့လာခဲ့ပါတယ်။ အဲဒီ ရှေးတုန်းက လက်ရှိပကတိ ဖြစ်နေတဲ့အခြေအနေတွေအပေါ်မှာ မူတည်ပြီးတော့မှ ကျွန်မရဲ့ ဆွေးနွေးချက်ကို တင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့လေ့လာတဲ့အခါမှာ ဘာတွေတွေ့ရလဲဆိုတော့ ပထမဦးဆုံး အရေးကြီးတာတော့ သက်ဆိုင်ရာတာဝန်ရှိတဲ့ ပြည်ထဲရေးဝန်ကြီးဌာနက တာဝန်ယူရတဲ့ ထွေ/အုပ်ဝန်ထမ်းတွေ၊ ပြည်သူ့ရဲတွေ၊ စည်ပင်သာယာဝန်ထမ်းတွေနဲ့ တခြားတာဝန်ရှိတဲ့ သူတွေရဲ့ တာဝန်ဝတ္တရားကို ကျေပွန်စွာ မထမ်းဆောင်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု မရှိတဲ့အတွက်ကြောင့်မို့လို့ ဒီလိုမျိုး လိုင်စင်ရတဲ့ အားကစားအပန်းဖြေလုပ်ငန်းတွေ လုပ်မယ်၊ ကလေးကစားကွင်း လုပ်မယ်ဆိုပြီးတော့မှ ဒီ လောင်းကစားမှုတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတာတွေကို တွေ့ရပါတယ်။

နောက်တစ်ခု ကျွန်မတို့ အရေးကြီးတဲ့အချက်တွေ့ရပါတယ်။ ဒါကတော့ ကျွန်မအနေနဲ့ပေါ့နော်။ ပြည်သူ့စစ်တွေ၊ နယ်ခြားစောင့်တပ်တွေကနေပြီးတော့မှ သူတို့ရဲ့ပါဝင်နေမှုကို တွေ့ရပါတယ်။ နောက်တစ်ခါ ဝိသမလောဘသား။ အထူးသဖြင့်ပေါ့ အခြားနိုင်ငံကလာတဲ့ တရုတ်လူမျိုးပေါ့။ ဒါတွေရဲ့ စီးပွားရေးမသမာမှု၊ အဲဒီအပြင် ကျွန်မတို့ လူမျိုးတွေပေါ့နော်။ စီးပွားရေးကျဖို့။ နောက်တစ်ခါ လူငယ် တွေ ပျက်စီးဖို့အတွက်များ ရည်ရွယ်၍များ လုပ်နေသလားထင်ရလောက်အောင် အဲဒီ လောင်းကစား လုပ်တဲ့ ဂိမ်းလုပ်တဲ့နေရာတွေမှာ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ နောက်ပြီးတော့ ဆေးတွေ၊ ဒါတွေ အကုန်လုံး အလွယ်တကူရရှိတဲ့အတွက်ကြောင့် လူငယ်တွေဟာ ဒီ ဂိမ်းစင်တာတွေ၊ ဒီ ဂိမ်းလုပ်တဲ့ နေရာတွေကနေပြီးတော့မှ မရုန်းထွက်နိုင်ဘဲနဲ့ ဘဝတွေ နစ်မွန်းနေရတာ တွေ့ရပါတယ်။

နောက်တစ်ခုကျတော့ ကျွန်မတို့ လူငယ်တွေက အရမ်းအရေးကြီးပါတယ်။ လူငယ်တွေအတွက်ကို ကျွန်မတို့ ဆောင်ရွက်ပေးရမယ့် ကိစ္စတွေဟာ နိုင်ငံတော်ကနေပြီးတော့မှ ရင်းနှီးမြှုပ်နှံရမယ့်ကိစ္စတွေကို ဆောင်ရွက်ပေးရာမှာ ဝန်ကြီးဌာနတွေရဲ့ အားနည်းနေမှု၊ ဥပမာ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ အလုပ်သမား၊ စီးပွားရေး၊ စီမံကိန်း၊ ပြန်ကြားရေး စသဖြင့်ပေါ့နော်။ ဒီလို ဝန်ကြီးဌာနတွေက လူငယ်တွေအတွက် ဆောင်ရွက်ပေးရမယ့်ကိစ္စ၊ ဥပမာ အားကစားကွင်းတွေ၊ နောက်တစ်ခါမှာ ကျန်းမာရေးနှင့် ပတ်သက်တဲ့ အသိပညာပေးမှုတွေ၊ နောက်တစ်ခုကျတော့ မူးယစ်ဆေးဝါး ပတ်သက်ပြီး ဆောင်ရွက်မှုတွေ၊ နောက်တစ်ခါ ဒီလိုမျိုးလောင်းကစားတွေရဲ့ ဆိုးကျိုးတွေနဲ့ ပတ်သက်တဲ့ ဥပဒေတွေ၊ ပညာပေးမှုတွေ အားနည်းနေတာကိုလည်း တွေ့ရပါတယ်။ နောက်တစ်ခု ကျွန်မတို့ ခေတ်အဆက်ဆက်ကနေပြီးတော့ ကျွန်မတို့ အုပ်ချုပ်ရေးပေါ့နော်။ အာဏာရှင်အုပ်ချုပ်ရေး

တွေရဲ့ အဆက် [illegible]
ဉာဏ၊ စာရိတ္တ [illegible]

အဲဒီလိုပဲ လူငယ်တွေမှာလည်း အဲဒီဟာတွေကို ဖန်တီးနိုင်မှုအားနည်းတယ်။ နောက်တစ်ခု ကျွန်မဆွေးနွေးချင်တာတော့ အထူးသဖြင့် နယ်စပ်ဒေသနှင့် ပြည်နယ်တွေမှာ ဒီကိစ္စကို ဆိုးဆိုးဝါးဝါး ခံစားနေရတယ်။ မညီမျှမှုဖြစ်ပေါ်နေတာကို တွေ့ရှိရပါတယ်။ ဥပမာဆိုရင် ကျွန်မတို့ သတင်းတွေအရ ဆိုရင် ကျွန်မတို့ ရန်ကုန်မှာဆိုလို့ရှိရင် ဒီကိစ္စနဲ့ပတ်သက်ပြီးတော့မှ အရေးယူခဲ့တဲ့ နေရာတွေ ရှိပါတယ်။ ဒါမြို့လယ်ခေါင်မှာ ရဲစခန်းတွေရဲ့ ကိစ္စတွေပါ။ ဒါပေမဲ့လို့ ဒီကိစ္စနဲ့ တာဝန်ယူပြီးတော့ ဖမ်းဆီးတယ်။ ဒါပေမဲ့လို့ ပိုင်ရှင်ဖြစ်တဲ့ တရုတ်လူမျိုးက သိန်း(၁၀၀)အာမခံပြီး သူ့ကိုမဖမ်းနိုင်ဘူး။ တကယ်ဖမ်းခံရ တာတော့ ဝန်ထမ်းတွေနဲ့ ဒီမှာလုပ်တဲ့အစောင့် သန့်ရှင်းရေးလုပ်တဲ့ လူတွေက အစ အဖမ်းဆီးခံရတယ်။ အဲဒီကိစ္စတွေဟာ အခုထိလည်း မပြီးပြတ်သေးဘူး။ ဒါဟာဘာလဲဆိုရင် ကျွန်မတို့ တရားဥပဒေရဲ့စိုးမိုးမှု အားနည်းတာကို တွေ့ရပါတယ်။ နောက်ကိစ္စတစ်ခုမှာလည်း အဲဒီလိုပါပဲ။ ပိုင်ရှင်ကို မဖမ်းမိဘဲနဲ့ပေါ့ နော်။ ဝန်ထမ်းတွေပေါ့နော် အရမ်းကြီးပတ်သက်နေတဲ့ လူတွေကိုလည်း ဖမ်းဆီးခဲ့တာ မတွေ့ရပါဘူး။

ဥပမာ ကျွန်မကို နယ်စပ်ဒေသကိုယ်စားလှယ်တော်ကြီးတွေ ပြောပြပါတယ်။ သူတို့ဒေသ နေရာကိုတော့ ကျွန်မအတိအကျ မပြောတော့ပါဘူး။ တရုတ်နယ်စပ်တွေမှာ ဆိုလို့ရှိရင် သူတို့အနေနဲ့ ဒီဟာတွေကို တွေ့ရှိတယ်။ အဲဒီမှာလည်း လက်နက်ကိုင်တွေကအစ လုံခြုံရေးယူထားတာကို တွေ့ရ တယ်။ အဲဒီလိုတွေ့ရှိတဲ့အခါမှာ သူတို့ကနေပြီးတော့မှ သက်ဆိုင်ရာခရိုင်ပေါ့နော်။ အထွေထွေ အုပ်ချုပ်ရေးမှူးတွေ၊ ပြည်သူ့ရဲတွေကို ပြောတဲ့အခါမှာ ဘာပြောလဲဆိုရင် အဲဒီလိုမျိုးဖမ်းလိုက်မယ်ဆိုရင် ဒီဂိမ်းဆိုင်တွေ ပိတ်လိုက်မယ်ဆိုရင် လူငယ်တွေ (၁၀၀)လောက် အလုပ်လက်မဲ့ ဖြစ်သွားမယ်လို့ ပြောပါတယ်။ ဒါဆိုရင် ကျွန်မ မေးခွန်းထုတ်စရာရှိပါတယ်။ ဒီ လူငယ်တွေ (၁၀၀) အလုပ်လက်မဲ့ ဖြစ်မယ့်အစား အဲဒီ အလုပ်လက်မဲ့တွေကို ကျွန်မတို့က တခြားကောင်းမွန်တဲ့ လုပ်ငန်းတွေမှာ အလုပ်အကိုင်ပေးဖို့ တာဝန်ရှိတဲ့လူတွေမှာ မဖန်တီးပေးနိုင်တော့ဘူးလား၊ အဲဒီဟာကို ကြည့်မလား။ အကျိုးယုတ်နေတဲ့ မိသားစု၊ အခြား Community (၂) သောင်းလောက်၊ (၂)သောင်း၊ (၃)သောင်း၊ ဒီလူထုရဲ့အကျိုးကို ကြည့်မလားဆိုတာ ကျွန်မအနေနဲ့ မေးခွန်းထုတ်စရာ ရှိပါတယ်။

ဒါတွေဟာ တကယ်တော့ တာဝန်မဲ့တဲ့ လုပ်ရပ်တွေ ဖြစ်ပါတယ်။ ဥပမာဆိုရင် ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုင်းနားတောင်ခြေမှာဆိုရင် လောင်းကစားရုံရှိတယ်။ အဲဒီမှာ လက်နက်ကိုင် တွေက လုံခြုံရေးတာဝန်ယူထားတယ်။ ဒါတွေဟာ လူမှုကွန်ရက်တွေမှာ ကျွန်မတို့ သတင်းတွေ တွေ့ရပါတယ်။ ဒါတွေဟာ ဘာကြောင့်ဖြစ်ရတာလဲ။ ဘာဖြစ်လို့ ဒါတွေကို သိရှိရဲ့သားနဲ့ ကျွန်မတို့ အရေးမယူတာလဲ။ တာဝန်မယူတာလဲပေါ့။ နောက်တစ်ခု မီဒီယာပေါ့။ မီဒီယာမှာ ကျွန်မ လေ့လာတဲ့ အခါမှာ ဒီလောင်းကစားဂိမ်းတွေနဲ့ ပတ်သက်ပြီးတော့ Print Media တွေမှာ ဖော်ပြမှု၊ ကျွန်မတို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ တရားဝင်သတင်းစာတွေမှာ ဖော်ပြမှု တော်တော့်ကို အားနည်းပါတယ်။ ဒါ ဘာဖြစ်လို့လဲ။ မီဒီယာတွေက ဒါတွေကို မသိလို့လား။ မဖော်ပြရဲလို့လား။ ဘာဖြစ်လို့လဲ။ ဒါကိုလည်း ကျွန်မတို့က ဖော်ထုတ်ဖို့လိုပါတယ်။

ဒါကြောင့်မို့လို့ နောက်ဆုံးအနေနဲ့ ကျွန်မပြောချင်တာပေါ့။ ကျွန်မတို့ တိုင်းပြည်က လူငယ်



...ရင်းအရ ...င်းအမြစ် သယံဇာတတွေ၊ ဒီကောင်းကျိုးတွေကို မဖန်တီးနိုင်ဘဲနဲ့ ကျွန်မတို့ ဘယ်လိုလုပ်ပြီးမှ ကောင်းမွန်တဲ့ အနာဂတ်ကိုသွားမလဲပေါ့။ အဲဒီတော့ ကျွန်မအနေနဲ့ ဒါကြောင့်မို့လို့ ဒီကိစ္စကို အရေးတယူ ဆောင်ရွက်ပြီးတော့မှ အဆိုရှင်ရဲ့ အဆိုကို လေးလေးနက်နက်နဲ့မှ အရေးယူဆောင်ရွက်ဖို့ ထောက်ခံလိုပါတယ်။ နောက်ဆုံးအနေနဲ့ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ စကားတစ်ခွန်းရှိပါတယ်။ ကျွန်မတို့ ခင်ဗျားတို့ရဲ့ အကျင့်ဆိုးတွေကို ပြင်ဖို့လိုပြီ ဆိုတာကို ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၈။**

**ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ကျွန်တော်က ဒီ အဆိုနဲ့ပတ်သက်ပြီးတော့မှ အပိုင်း (၄)ပိုင်း ကျွန်တော်ဆွေးနွေးသွားပါမယ်။ ပထမ အဆိုမှာ အပိုင်း(၃)ပိုင်း ရှိပါတယ်။ ပထမတစ်ပိုင်းက ဒီ စည်ပင်သာယာကနေ လိုင်စင်ယူတဲ့ အပိုင်းတစ်ပိုင်း ရှိပါတယ်။ ဒုတိယအပိုင်းက ပြည်ပကနေ တင်သွင်းလာတဲ့ စက်ကိရိယာများစွာက ပို့ကုန်၊ သွင်းကုန်တွေမှာ ဒီ လိုမျိုးတွေသွင်းတာ တရားဝင်လား၊ တရားမဝင်လားဆိုတာ ဒါ စဥ်စားလို့ရပါတယ်။ တတိယအပိုင်းကတော့ ကျွန်တော်တို့နိုင်ငံရဲ့ ကိုယ်ကျင့်တရားနှင့် ပတ်သက်တဲ့အပိုင်း ဖြစ်ပါတယ်။

အဲဒီတော့ အဓိကဖြစ်နေတာက ကျွန်တော်တို့ဆီမှာ ဂိမ်းဆိုင်တွေကို သဏ္ဌာန်လုပ်ပြီးတော့မှလုပ်နေတဲ့ လောင်းကစားဝိုင်းတွေဟာ မြို့တွင်းဧရိယာတွေမှာ တော်တော်များများ ခွင့်ပြုထားခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ရန်ကုန်မြို့မှာဆိုရင် တကယ့်လူစည်ကားတဲ့နေရာမှာ ဒီဂိမ်းဆိုင်တွေသဏ္ဌာန်လုပ်ပြီးတော့ လောင်းကစားဝိုင်းတွေ ခွင့်ပြုထားခြင်းဟာ လူ့အဖွဲ့အစည်းနဲ့ နီးကပ်နေတဲ့အတွက် ဒါဟာ ကိုယ်ကျင့်တရားနဲ့လည်း ပတ်သက်ပြီးတော့ မေးခွန်းထုတ်စရာ ဖြစ်ပါတယ်။ လောင်းကစားဆိုတာတော့ ဒါဟာလွန်ခဲ့တဲ့ နှစ်ပေါင်းမြောက်များစွာကတည်းက ရှိနေတဲ့ ပြဿနာတစ်ခုဖြစ်သလို အကြောင်းအရာတစ်ခုလည်း ဖြစ်ပါတယ်။ အဲဒီတော့ လောင်းကစားဆိုတာတော့ ပပျောက်သွားအောင်တော့ လုပ်နိုင်စွမ်းကတော့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းရှိနေသရွေ့ လောင်းကစားဆိုတာလည်းရှိနေတာ။ ဒါပေမဲ့ လောင်းကစားကို ဥပဒေရေးရာအရ လူ့အဖွဲ့အစည်းနှင့် နီးနီးကပ်ကပ်ရှိနေချက်အရ ကြည့်မယ်ဆိုရင် ဒါဟာတော့ ဒီမေးခွန်းနဲ့ ဒီအဆိုကို ကန့်ကွက်ဖို့ ဒီအဆိုကို ကျွန်တော်ထောက်ခံရခြင်း ဖြစ်ပါတယ်။

နောက်တစ်ခု ဥပဒေစိုးမိုးမှု၊ ဥပဒေစိုးမိုးမှုမှာ ပထမအချက်က စည်ပင်သာယာကနေပြီးတော့ လိုင်စင်စည်းကမ်းတွေကို ထုတ်ပေးတဲ့နေရာမှာ ဘယ်လိုလိုင်စင်စည်းကမ်းတွေနဲ့ ထုတ်ပေးတာလဲ။ ဒီလိုင်



အလုပ်တွေဟာ

ဌာနနဲ့ ဆက်စပ်ပါတယ်။ ဒီဟာတွေကို တရားမဝင်တင်သွင်းတဲ့ ပို့ကုန်၊ သွင်းကုန် ကိစ္စတွေဟာလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးဝန်ကြီးဌာနတွေနဲ့ ပတ်သက်ပါတယ်။ နောက်တစ်ခုက လောင်းကစား ဥပဒေ၊ လောင်းကစားတွေ များလာတာနှင့်အမျှ တရားရေးစနစ်အတွက် လမ်းဖွင့်ပေးသလိုဖြစ်ပါတယ်။ လောင်းကစားနဲ့ တရားရေးစနစ်က အချိုးညီညီ တိုးတက်မှုရှိပါတယ်။ လောင်းကစားတွေများလာ လေလေ၊ တရားရေးစနစ်ရဲ့ အကျင့်ပျက်ခြစားမှုက ပိုမြင့်လာလေလေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီအချက်တွေကိုလည်း ကျွန်တော်တို့ ပြန်ပြီးတော့သုံးသပ်ရမယ် ဖြစ်တဲ့အတွက် တကယ်လို့သာ ဒီလောင်းကစားတွေ၊ ဂိမ်းဆိုင်တွေနဲ့ ပတ်သက်ပြီးတော့ ထိထိရောက်ရောက် ဟန့်တားမယ်ဆိုရင် သက်ဆိုင်ရာ Stakeholder တွေက ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ အစီအစဉ် Framework ချပေးရမှာ ဖြစ်ပါတယ်။ အဲဒီတော့ လောင်းကစားနဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ Impact နှစ်ခုရှိပါတယ်။ Social Impact နှင့် Economic Impact ရှိပါတယ်။ ဒီနေရာမှာတော့ ကျွန်တော် Social Impact ကို ပဲ ပြောချင်ပါတယ်။ အဲဒီတော့ လူမှုရေးဆိုင်ရာ ပတ်သက်မှုအနေနဲ့ဆိုရင် ပထမလူတွေဟာ လောင်းကစားကြောင့်မို့ Suicide တွေရှိလာတယ်။ Divorce တွေရှိလာတယ်။ နောက် Child Necklaces တွေ ဖြစ်လာတယ်။ နောက် လူတွေဟာ Bankrupt ဖြစ်လာတယ်။

နောက်ဆုံး ကျွန်တော်တို့ လူ့အဖွဲ့အစည်းမှာ Prosecute တွေ ဖြစ်လာတဲ့အထိ လောင်းကစားရဲ့ Social Impact တွေ ဖြစ်ပါတယ်။ ဒါ Social Problems တွေ ဖြစ်ပါတယ်။ ဒုတိယက Crime ပါ။ လောင်းကစားကြောင့်ပဲ ကျွန်တော်တို့ ခိုးမှုတွေ၊ လုယက်မှုတွေ၊ အနုကြမ်းစီးမှုတွေ၊ အလွဲသုံးစားမှုတွေ ဖြစ်လာနိုင်ပါတယ်။ တတိယက Employment ပါ၊ အလုပ်လက်မဲ့နဲ့ ပတ်သက်တဲ့ အလုပ်လက်မဲ့တွေ ရှိလာနိုင်တယ်။ လူတွေရဲ့ အလုပ်အကိုင်စွမ်းရည်တွေ ကျဆင်းလာတာတွေလည်း ကျွန်တော်တို့ တွေ့နိုင်ပါတယ်။ နောက်တစ်ခုက လူတွေရဲ့ အားလပ်ချိန်အသုံးပြုမှု ပုံစံတွေ ပြောင်းလာနိုင်ပါတယ်။ ဒါတွေဟာ လောင်းကစားနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။

နောက်တစ်ခုက အဆိုးဆုံးအချက်ကတော့ Public Attitude လို့ ခေါ်ပါတယ်။ နိုင်ငံသားတွေရဲ့ စိတ်ပိုင်းဆိုင်ရာ ခံယူချက်၊ ထင်မြင်ချက်ဖြစ်ပါတယ်။ လောင်းကစားတွေကို လူတွေရဲ့ Puplic Area မှာ ထားခြင်းအားဖြင့် ဒီအရာဟာ နိုင်ငံတော်က ခွင့်ပြုတာလား၊ လောင်းကစားတွေဟာ တရားဝင်လုပ်ခွင့်ရလားဆိုတဲ့ လူထုရဲ့ ထင်မြင်ယူဆချက် တရားဝင်ဖြစ်လာလို့ရှိရင် ဒါ လူ့အဖွဲ့အစည်းရဲ့ Character ကို လာပြီးတော့ ထိခိုက်ပါတယ်။ ဒါကြောင့်မို့ ဒီလောင်းကစားတွေနှင့် ဂိမ်းတွေနဲ့ ပတ်သက်ပြီးတော့မှ မြို့တွင်းထဲမှာ ရှိတာတွေကို ကျွန်တော်တို့က ဖျောက်ဖျက်ရမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း လောင်းကစားဆိုတာ လူ့အဖွဲ့အစည်းရှိနေသရွေ့ ရှိတဲ့အတွက် မည်သည့်နည်းလမ်းနဲ့ ကျွန်တော်တို့က Way Out ထွက်ပေါက်ပေးရမလဲ ဆိုတာလည်း တစ်ဖက်က စဉ်းစားဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ အားလုံးလည်း ကြားဖူးမှာပါ။ ဒီမှာ LASVEGAS တို့ ဒီစင်ကာပူမှာ

ရှိတဲ့ Sontosar တို့၊ မကာအိုတို့ဆိုတာတွေလည်း ဒီလောင်းကစားနှင့်ပတ်သက်ပြီးတော့မှ လူ့အဖွဲ့အစည်းကိုထွက်ပေါက်ပေးထားတဲ့ နည်းလမ်းတွေ ဖြစ်ပါတယ်။



[illegible] ရေးတွေ [illegible] းအတွက် ထွက်ပေါက်ဆိုတာမျိုးကို ဖွင့်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ ကျွန်တော်တို့ Economic Benefits တွေ ရမှာပါ။ ဥပမာ Tax တို့၊ Revenue တို့ ဆိုတာလည်း အဲဒီကနေ့ ထွက်လာနိုင်မှာ ရှိပါတယ်။ ဒါကြောင့်မို့လို့ တစ်ဖက်ကတော့ မြို့နယ်တွေ၊ လူ့အဖွဲ့အစည်းနဲ့နီးနေတဲ့ နေရာမှာ ဒီလိုလောင်းကစားတွေကို ခွင့်ပြုထားတာကတော့ တိတိကျကျကို စေ့စေ့စပ်စပ်နဲ့ကို ဖော်ထုတ်ပြီးတော့ အရေးယူရမှာ ဖြစ်သလို တစ်ဖက်ကလည်း တခြားနည်းနဲ့ ကျွန်တော်တို့ ဘယ်လိုနည်းလမ်းတွေနဲ့ ထွက်ပေါက်ပေးရမလဲဆိုတာလည်း စဉ်းစားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုကို ပထမတစ်ချက်အနေနဲ့ ထောက်ခံပါတယ်။ ဒုတိယအချက်အနေနဲ့ ဘယ်လိုနည်းလမ်းတွေနဲ့ ပြန်ပြီးတော့ စဉ်းစားရမလဲဆိုတာလည်း သက်ဆိုင်ရာ Stakeholder တွေ အနေနဲ့ စဉ်းစားပေးဖို့၊ နည်းလမ်းရှာပေးဖို့၊ Framework ချပေးဖို့ လိုပါတယ်လို့ ဆွေးနွေးရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၅။**

**ဦးကျော်နီနိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားရပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးခင်ဗျား။ ကျွန်တော်ကတော့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ၏ အဆိုအပေါ် ကျွန်တော်တို့နိုင်ငံ၏ လက်ရှိအနေအထားနှင့် ကမ္ဘာ့နိုင်ငံကြီးများ၏ မျက်မှောက်အနေအထားနှင့် နှိုင်းယှဉ်၍ အပြုသဘော အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လောင်းကစားဆိုင်ရာ အမှုကိစ္စများနဲ့ စပ်လျဉ်း၍ ကိုလိုနီခေတ်မှစတင်ပြီး ယနေ့အချိန်အထိ ရှင်သန်လာခဲ့သဖြင့် တောရောမြို့ပါမကျန် သူ့နေရာနှင့်သူ လောင်းကစားနည်း အမျိုးမျိုးတို့ဖြင့် ကျင်လည်ကျက်စားနေတာကို ကျွန်တော်တို့ အသိပဲ ဖြစ်နေပါတယ်။ မည်သည့်နေရာတိုင်းမဆို အနိမ့်ဆုံး ကြက်တိုက်လောင်းကစားခြင်းနှင့် ဘောလုံးပွဲ လောင်းကစားခြင်းမျိုးကို မြင်တွေ့နိုင်မှာ ဖြစ်ပါတယ်။ ထို့ထက် အဆင့်မြင့်မားတဲ့ ကျိတ်ဝိုင်း၊ ချိန်းဝိုင်းနဲ့ ခေတ်ကိုမီလာတဲ့ လောင်းကစားခြင်းများကိုလည်း အနယ်နယ်အရပ်ရပ်မှာ သူ့နေရာသူ အလုပ်ဖြစ်နေတာကို တွေ့ရပါတယ်။ တစ်လ(၂)ကြိမ်ဖွင့်လှစ်တဲ့ သုံးလုံးထီ၊ နေ့စဉ် အလုပ်ဖြစ်နေတဲ့

နှစ်လုံးထီများကို ကျွန်တော်တို့ တွန်းလှန်တိုက်ထုတ်နေတာလည်း ကြာပါပြီ။ ဒါပေမဲ့ ဒီနေ့အထိ ရှင်သန်နေဆဲ ဖြစ်ပါတယ်။



ဖေ... ဟာ ခေတ်မီ... ဒီမိုကရေစီနိုင်ငံတော်မှာ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ နည်းလမ်းများက အဓိကကျသလို လွန်စွာ အရေးကြီးလှပါတယ်။ ဥပဒေနှင့် ညီညွတ်မှုမရှိရင် ကျွန်တော်တို့ ဘာမှလုပ်လို့မရသလို လုပ်ချင် ဖြစ်ချင်တာတွေကိုလည်း ဥပဒေပြဋ္ဌာန်းပြီး လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ဒီတော့ ယနေ့ နေရာ အနှံ့အပြားဖြစ်နေတဲ့ လောင်းကစားမှုတွေကို ကျွန်တော်တို့ အမြစ်ဖြတ် တွန်းလှန်ပစ်မလား၊ တွန်းလှန်ဖို့ မဖြစ်နိုင်ဘူးဆိုရင်တော့ ဥပဒေနှင့် ညီညွတ်တဲ့ အစီအစဉ်မျိုးကို ကျွန်တော်တို့ ဥပဒေများ ရေးဆွဲချမှတ် ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒီအတိုင်း လွှတ်ထားလို့လည်း မဖြစ်သေးပါဘူး။ ဖမ်းတဲ့သူကဖမ်း၊ လုပ်တဲ့သူကလုပ်နဲ့ သံသရာတွေထဲက ထွက်နိုင်မှာ မဟုတ်ပါဘူး။ ဆောင်ရွက်ရာတွင်လည်း အမျိုးသားရင်ကြားစေ့ရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ပျက်ပြားစေနိုင်တဲ့ အပြုအမူကို ကျွန်တော်တို့ ရှောင်ရှားရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့နိုင်ငံကြီးတွေမှာ ဥပဒေနှင့်အညီ ခွင့်ပြုထားတဲ့ ကာစီနို လောင်း ကစားရုံတွေကို တိုင်းပြည်အတွက် အခွန်ငွေများ ရှာဖွေထောက်ပံ့ပေးနိုင်သည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများစွာကိုလည်း ပေးနိုင်တာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြ ခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ LAS VEGAS မှာဆိုရင် ဖယ်ဒရယ်ပြည်ထောင်စုနိုင်ငံ ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုတွေမှာ ပြည်နယ်များတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပြုထားတဲ့အတွက် ကာစီနိုနဲ့ ပတ်သက်သည့် ဥပဒေများကို ပြည်နယ်များကသာ သတ်မှတ်ကြပါတယ်။ ကာစီနိုဂိမ်းသည် သူတို့ တိုင်းပြည်အတွက် အခွန်ငွေများစွာ ရရှိသည်ကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ (၈.၆) ဘီလီယံ၊ ၂၀၁၅ ခုနှစ်မှာ (၈.၈)ဘီလီယံကို အခွန်ရရှိကြောင်း တွေ့ရှိရ ပါတယ်။ LAS VEGAS မှာ ကျွန်တော်တို့ အလုပ်အကိုင်အခွင့်အလမ်းကို (၃)သိန်းခွဲကျော်ကျော်လောက် အလုပ်အကိုင် အခွင့်အလမ်းပေးနိုင်ပါတယ်။ သူတို့ရဲ့ အလုပ်သမားဝင်ငွေတွေကတော့ (၁၄)ဘီလီယံ ကျော်ရှိပါတယ်။ ဂိမ်းပေါင်း(၉)သိန်းကျော်ရှိကြောင်း ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ စင်ကာပူမှာ ဆိုတော့ ကျွန်တော်တို့ ၂၀၁၁ မှ ၂၀၁၄ ခုနှစ်အထိ (၆)ဘီလီယံနီးပါးရှိခဲ့ရာမှ ယခုနှစ်တွေမှာ (၄.၄)ဘီလီယံရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံသားတွေကို အကာအကွယ်ပေးထားပြီး တစ်ဦးလျှင် နိုင်ငံသားတွေကို ဝင်ခွင့်မပေးထားပါဘူး။ ဝင်ချင်လို့ရှိရင် စင်ကာပူဒေါ်လာ(၁၀၀) သတ်မှတ် ထားတာကိုလည်း ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဂျပန်နိုင်ငံမှာလည်း စင်ကာပူကို အတုယူပြီး အကြီးဆုံး ကာစီနိုရုံကို သူတို့ စီစဉ်နေပါတယ်။ အလုပ်အကိုင်အခွင့်အလမ်း (၃)သောင်းခွဲပေးထား ကြောင်း လေ့လာတွေ့ရှိရပါတယ်။ မကာအိုမှာဆိုရင်တော့ One Country Two Policy သုံးထားတဲ့ ဒေသတစ်ခု ဖြစ်တယ်။ တရုတ်နိုင်ငံ တစ်နိုင်ငံလုံးမှာ ကာစီနိုဖွင့်ခွင့် တစ်ခုတည်းသောဒေသ ဖြစ်ပါ တယ်။ အလုပ်အကိုင် အခွင့်အလမ်း (၂) သိန်းနီးပါး ပေးထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ချမ်းသာတဲ့ အာရှတိုက်နိုင်ငံများဖြစ်တဲ့ ကိုရီးယား၊ ဂျပန်၊ စင်ကာပူနဲ့ ဖိလစ်ပိုင်နိုင်ငံများအထိ ကာစီနိုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လာကြတာကို ကျွန်တော်တို့ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီအဆိုဟာ အဆိုကောင်း ... ဆောင်ရွက်



... မန္တလေး၊ ဖားကန့်၊ ခန္တီးတွင် ကျူးကျော်ပေါင်း(၅)သိန်းကျော်အတွက် ကျွန်တော်တို့ အလုပ်အကိုင်အခွင့်အလမ်းများ ရှာပေးရန် လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် အများပြည်သူလူထုအတွက် ကောင်းကျိုးများပြီး ဆိုးကျိုးနည်းစေသည့် နည်းလမ်းကောင်းများကို ရှာဖွေပြီး ပြုပြင်ဖော်ထုတ်၍ ရဲရဲဝံ့ဝံ့ ဆုံးဖြတ် ဆောင်ရွက်လုပ်သင့်ပါကြောင်း အကြံပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဖက်ဒရယ်နိုင်ငံဖြစ်သည့် အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်များကို ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးထားသည့်အတွက် ကာစီနိုနှင့်ပတ်သက်သည့် ဥပဒေများကို ပြည်နယ်များကသာ သတ်မှတ်သည် (၀၀)




ကာစီနိုဂိမ်းကစားရုံများ မြင်ကွင်းပုံ (၀၀-၁)



အမျိုးသားလွှတ်တော် ဩဂုတ်လ ၁၄ ရက်

စင်ကာပူနိုင်ငံ ကာစီနိုဂိမ်းကစားရုံများ မြင်ကွင်းပုံ (၀၀-၂)



**အချိန်၊ ၁၁း၁၁။**

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၁။**

**ဗိုလ်ချုပ်အောင်စိုး(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း ရဲ့ အဆို

အပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်တော် ဗိုလ်ချုပ်အောင်စိုး မှ ပြန်လည်ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကလေးကစားကွင်းများမှာရှိတဲ့ ဂိမ်းစက်များဟာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ လိုင်စင်လျှောက်ထားရယူရန် လိုအပ်တဲ့ Negative List စာရင်းထဲမှာ ပါဝင်ပြီးတော့ ဂိမ်းစက်များ တရားဝင်တင်သွင်းပါက လိုင်စင်လျှောက်ထားရယူရမှာ ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ ကလေးကစားကွင်းသုံး ဂိမ်းစက်များကိုသာ တင်သွင်းခွင့်ပြုထားတာ ဖြစ်ပြီးတော့ ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံပါဝင်တဲ့ အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်းစက်များကို တင်သွင်းခွင့်လိုင်စင်ခွင့်ပြုပေးခြင်း မရှိပါကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

ကလေးကစားကွင်းများ ဖွင့်လှစ်လိုပါက သက်ဆိုင်ရာ ရဲစခန်း၊ မီးသတ်၊ လျှပ်စစ်၊

၂၀၁၇ ခုနှစ်] အဆုံးအဖြတ်ရယူခြင်း

...က်ခံချက်၊ ...က်မတီနဲ့

မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရပါတယ်။ ထိုသို့ တင်ပြမှုကို မြို့နယ်၊ ခရိုင်တို့မှာ စိစစ်ပြီး ခွင့်ပြုရန်သင့်/မသင့် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံ တင်ပြဆောင်ရွက်ရပါတယ်။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ အတည်ပြုချက်ရရှိပြီးမှသာ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများမှ ခွင့်ပြုချက်ထုတ်ပေးခြင်း ဖြစ်ပါတယ်။ ကလေးများ အပန်းဖြေရန် ဖွင့်လှစ်တဲ့ ကလေးကစားကွင်းတွေမှာ ပျော်ရွှင်ဖွယ်ရာ ကစားနည်းအနေနဲ့ ဂိမ်းကစားခြင်းအချို့မှာ အကြွေစေ့ဖြင့် ကစားတဲ့ သေနတ်ပစ်ဂိမ်း၊ ဂစ်တာဂိမ်း၊ ကားမောင်းဂိမ်း၊ အကစက်၊ မိုနိုပိုလီဂိမ်း ကစားခြင်းများ ဖြစ်ပြီးတော့ ဂိမ်းကစားဖို့အတွက် အကြွေစေ့များကို သတ်မှတ်နှုန်းထားကနေ လဲလှယ်ဝယ်ယူ ကစားနိုင်ကြောင်းလည်း သိရှိရပါတယ်။

တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေတဲ့ ကလေးကစားကွင်းတွေကို စာရင်းဇယားများအရ တင်ပြရရင် နေပြည်တော်မှာ (၁)ခု၊ ဂိမ်းစက်(၂၁)လုံး။ စစ်ကိုင်းတိုင်းဒေသကြီးမှာ (၂)ခု၊ ဂိမ်းစက်(၂၂)လုံး။ ပဲခူးတိုင်းဒေသကြီးမှာ (၂)ခု၊ ဂိမ်းစက်(၁၀၇)လုံး။ မန္တလေးတိုင်းဒေသကြီးမှာ (၄)ခု၊ ဂိမ်းစက်(၂၀၀)လုံး။ မွန်ပြည်နယ်မှာ (၂)ခု၊ ဂိတ်စက်(၄၇)လုံး။ ရန်ကုန်တိုင်းဒေသကြီးမှာ (၄၁)ခု၊ ဂိမ်းစက်(၇၅၄)လုံး။ ဧရာဝတီတိုင်းဒေသကြီးမှာ (၁)ခု၊ ဂိမ်းစက်(၇)လုံး စုစုပေါင်း ကလေးကစားကွင်း (၅၃)ခု၊ ဂိမ်းစက်(၁၁၅၈)လုံးရှိကြောင်း သိရှိရပြီး၊ ကျန် တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ ဂိမ်းဆိုင်များ ဖွင့်လှစ်ခွင့်ပြုထားခြင်း မရှိကြောင်းလည်း သိရှိရပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ကတော့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလကစပြီး ဂိမ်းဆိုင်အသစ်တွေကို လိုင်စင်ခွင့်ပြုခြင်း မရှိတော့ပဲ လက်ရှိခွင့်ပြုထားတဲ့ ဂိမ်းဆိုင်(၄၁)ဆိုင်ကိုသာ နှစ်စဉ်သက်တမ်းတိုး စိစစ်ခွင့်ပြုလျက်ရှိကြောင်းလည်းသိရှိရပါတယ်။ သက်တမ်းတိုးခွင့်ပြုရမှာလည်း ခရိုင်စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးမှ ဦးဆောင်ပြီး သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေး အုပ်ချုပ်ရေးမှူးတွေနဲ့ အဖွဲ့ဝင်များ ပါဝင်တဲ့ အဖွဲ့ဖြင့် ခွင့်ပြုထားသည့် ဂိမ်းစက်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိနှင့် ပတ်ဝန်းကျင်

အနှောင့်အယှက်ရှိ/မရှိ၊ လိုင်စင်စည်းကမ်းနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်ပြီးမှသာ ရန်ကုန်မြို့တော်၊ စည်ပင်သာယာရေးကော်မတီအနေနဲ့ နှစ်စဉ်သက်တမ်းတိုး ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

၁၉၈၆ ခုနှစ်၊ လောင်းကစား ဥပဒေပုဒ်မ ၂(က)နဲ့ ပုဒ်မ ၂(ဃ)တို့မှာတော့ လောင်းကစား ဥပဒေနှင့်ပတ်သက်ပြီး အတိအလင်း ပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထဲရေးဝန်ကြီး ဌာနအနေနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေနဲ့ လောင်းကစားမှု ဂိမ်းစက်များအပါအဝင် ပပျောက်ရေး အတွက်ကို နှစ်စဉ်လောင်းကစားမှု တားဆီးနှိမ်နင်းရေး စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီ စီမံချက်တွေနဲ့အတူ တိုင်းဒေသကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့များ၊ ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့များ၊ ရဲစခန်းအဆင့်ဆင့်တို့က မိမိတာဝန်ယူရသည့် နယ်မြေအလိုက် လောင်းကစားမှု တားဆီးနှိမ်နင်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်တဲ့အခါမှာ ဂိမ်းစက်များဖြင့် လောင်းကစားဆန် တဲ့ ဂိမ်းနည်း၊ ဂိမ်းကစားနည်းတွေကို ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့မှုတွေ ရှိပါတယ်။ ဒီလို ဖမ်းဆီးခဲ့ တဲ့ အခါမှာ ၂၀



အမှုပေါင်း(၁၀

(၅၃၀)ကျော်နဲ့ ထိုင်းဘတ်နဲ့ ယွမ်ငွေများ ဖမ်းဆီးရမိကြောင်းလည်း တွေ့ရှိရပါတယ်။ ဖမ်းဆီးအရေးယူ ခဲ့တဲ့ အမှုပေါင်း စုစုပေါင်း(၁၀၅)မှုအနက်မှာ (၉၅)မှုကို တရားရုံးသို့ တရားစွဲတင်ပို့နိုင်ခဲ့ပြီး (၁၀)မှု ကတော့ စစ်ဆေးစီရင်ဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နှင့် လောင်းကစားအဆင့် လောင်းကစားဆန်သော ဂိမ်းစက်များမဟုတ်ဘဲ ကလေးများ ကိုယ်ခန္ဓာ ကျန်းမာကြံ့ခိုင်စေခြင်း၊ ဉာဏ် ရည် ဖွံ့ဖြိုးတိုးတက်စေခြင်း၊ အတွေးအခေါ် အမြော်အမြင် ဖွံ့ဖြိုးစေခြင်း၊ စိတ်အပန်းဖြေ ပျော်ရွှင်စေ ခြင်း စသည့် ဂိမ်းကစားနည်း စက်များကိုသာ တရားဝင် တင်သွင်းခွင့်ပြုပြီး၊ ၎င်းကစားနည်းစက်များနဲ့ သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီများမှ အပန်းဖြေ အိမ်တွင်း ကစားနည်းခန်းမများကို ခွင့်ပြု လုပ်ဆောင်စေလျက် ရှိသော်လည်း လောင်းကစားဆန်သော ဂိမ်းစက်များကို တရားဝင် တင်သွင်းခွင့် နှင့် ကစားကွင်းများတွင် ထားရှိခွင့်များ ခွင့်ပြုပေးထားခြင်းမရှိဘဲ စစ်ဆေးအရေးယူမှုများလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ပါ၍ နိုင်ငံအတွင်းမှာရှိတဲ့ မြို့ကြီးများမှာ ကလေးကစားကွင်းအဖြစ် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ်လျက်ရှိသည့် နေရာတွေမှာ အသုံးပြုတဲ့ အကြွေစေ့သုံး လောင်းကစားဆန်တဲ့ ဂိမ်းစက်များဟာ တရားဝင်တင်သွင်းခွင့် မပြုခြင်း၊ ၎င်း လောင်း ကစားဆန်သော ဂိမ်းစက်များ ထားရှိမှုနှင့်ပတ်သက်ပြီး ဖော်ထုတ်ဖမ်းဆီး အရေးယူမှုများ ပြုလုပ်လျက် ရှိတဲ့အပြင် လက်ရှိ မြေပြင်မှာ လုပ်ကိုင်နေမှုများအပေါ် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရ အဖွဲ့များမှလည်း အဆင့်ဆင့် ဖော်ထုတ်စစ်ဆေး အရေးယူဆောင်ရွက်လျက်ရှိတဲ့အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်၏ သဘောထားကို တင်ပြပါ။

**အချိန်၊ ၁၁း၁၆။**

**ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ယနေ့ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ကြီးတော်တော်များများမှာတော့ ဒီ စီးပွားဖြစ် လောင်းကစားတဲ့ ဂိမ်းဆိုင်တွေ ပေါ်ပေါက်လာနေပါတယ်။ ဒါကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက လိုင်စင် ထုတ်ပေးထားတယ်လို့ ဆိုပါတယ်။ ဒီဂိမ်းဆိုင်တွေဟာ လိုင်စင်ထုတ်ပေးထားတဲ့ စည်းကမ်းချက်နှင့် အညီ ဆောင်ရွက်လုပ်ကိုင်ခြင်း ရှိ/မရှိ ဆိုတာ လေ့လာသုံးသပ်ရမှာ ဖြစ်ပါတယ်။

ဥပဒေကို လက်တစ်လုံးကြားလုပ်နိုင်ဖို့ လိုင်စင်ခံထားတယ်ဆိုရင်တော့ အလျင်အမြန် အရေးယူဆောင်ရွက်ဖို့ လိုပါလိမ့်မယ်။ ပြည်သူ့ဝန်ထမ်းတွေမှာလည်း တာဝန်ရှိတယ်ဆိုတာ ငြင်းလို့ မရပါဘူး။ လောင်းကစားတာဟာ အကျင့်စာရိတ္တပါ ထိခိုက်ပျက်ပြားလာနိုင်ပြီး မိသားစုဘဝတွေပါ

၂၀၁၇ ခုနှစ်] အဆုံးအဖြတ်ရယူခြင်း သွားကာ

မွေတစ်ခု ဖြစ်မလာနိုင်ဘူးဆိုတာ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး အသိပင် ဖြစ်ပါတယ်။ ကျွန်တော့်အဆိုနဲ့ ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားကြတဲ့ ကိုယ်စားလှယ်တွေဟာ မတူခြားနားတဲ့ အသိအမြင်၊ အတွေ့အကြုံအပြင် စိုးရိမ်စိတ်တွေနှင့် အနာဂတ်အတွက် ပုံရိပ်ကောင်း ဖြစ်စေဖို့၊ လောင်းကစားမှုတွေကို ပိတ်ပင်တားဆီးဖို့၊ နိုင်ငံတော်က ထိရောက်ဟန့်တားတဲ့ မူဝါဒ ချမှတ် ဆောင်ရွက်ထားသင့်ကြောင်း ထောက်ခံဆွေးနွေးသွားကြပါတယ်။

ကန့်ကွက်သူမရှိတဲ့အပြင် အမျိုးသားလွှတ်တော်ရဲ့ ကိုယ်စားပြုပြောဆိုသွားတာကြောင့် ရာနှုန်းပြည့် အောင်မြင်တဲ့ အဆိုတစ်ရပ် ဖြစ်ပါတယ်လို့ ဆိုနိုင်ပါတယ်။ ပြည်သူလူထုအတွင်းမှာ ကျောင်းသားလူငယ် လူရွယ်တွေအတွင်းမှာ လောင်းကစားစိတ်ဓာတ် မတွယ်ကပ်နိုင်အောင် လောင်းကစားနေမှုတွေကို ဘက်ပေါင်းစုံက ထိန်းချုပ်နိုင်ဖို့၊ တားဆီးပိတ်သိမ်းနိုင်ဖို့၊ တိုင်းပြည်အတွင်း လိုအပ်ချက်ဖြစ်နေပါတယ်လို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများကလည်း ကျွန်တော့်အဆိုကို ထောက်ခံကြ လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အဆိုနှင့် ပတ်သက်ပြီး ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လွှတ်တော်က အတည်ပြုပေးဖို့ ဆန္ဒပြုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း အဆိုတင်သွင်းထားတဲ့ ယနေ့မြန်မာနိုင်ငံရှိ မြို့ကြီးအတော် များများ၌ စီးပွားဖြစ်ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နေသူများ မြို့တော်စည်ပင်သာယာရေး ကော်မတီမှ လိုင်စင်ခံယူထားပြီး ကလေးအားကစားကွင်း (Amusement Center)ဟု သဏ္ဌာန်ဆောင်

အမည်ပြု၍ ပြည်ပမှတင်သွင်းလာသော စက်ကိရိယာများဖြင့် ခေတ်ပေါ် လောင်းကစားနည်းမျိုးစုံ ပါဝင်သော အကြွေစေ့သုံး လောင်းကစားအဆင့် ဂိမ်း (Game)ဆိုင်များ ဖွင့်လှစ်လာကြသည့်အတွက် လောင်းကစားလိုသူ ကျောင်းသား၊ လူငယ်လူရွယ်၊ လူလတ်မျိုးစုံတို့မှာ တဖြည်းဖြည်းချင်း အကျင့် စာရိတ္တပါ ထိခိုက်ပျက်ပြားလာနေသောကြောင့် မြို့များနေ မိဘပြည်သူတို့မှာ ရတက်မအေး စိုးရိမ်စိတ် များ ဖြစ်ပေါ်နေကြပါသည်။ ယင်းသို့ အကြွေစေ့သုံး လောင်းကစားဆိုင်များကို စိစစ်ဖော်ထုတ် ပိတ်သိမ်းအရေးယူခြင်းကို တစ်ပြေးညီလုပ်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

**အချိန်၊ ၁၁း၁၈။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၉၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့်နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယး အမျိုးသားလွှတ်တော် [ဩဂုတ်လ ၁၄ ရက်

မဲဆန္ဒပေးကြဖို့ အသင့်ရှိစေလိုပါတယ်။

မဲဆန္ဒပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၇၁) မဲ၊ ကန့်ကွက်မဲ (၁၀) မဲ၊ ကြားနေမဲ (၈) မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးအောင်သိန်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါ တယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၄)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့ ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၃)ရက်မြောက်နေ့ကို ၁၁း၂၁ နာရီအချိန်တွင် ရပ်နားပါသည်။]